# ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (10-9-2014) (၇၉၅၉)


ထကြွလုံ့လ ရှိရာ၏။ သတိမမေ့ရာ၊ သူတော်ကောင်းအကျင့်ကို ကောင်းစွာ ကျင့်ရာ၏။ တရားကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

**မိုးရွာသွန်းမှု**

၉-၉-၂၀၁၄

| | |
|---|---|
| ပေါင် | ၄ ဒသမ ၈၈ လက်မ |
| ကျိုက္ခမီ | ၃ ဒသမ ၇၀ လက်မ |
| မြစ်ကြီးနား | ၃ ဒသမ ၆၂ လက်မ |
| ရေး | ၃ ဒသမ ၀၉ လက်မ |
| မော်လမြိုင် | ၂ ဒသမ ၉၉ လက်မ |
| ချောင်းဆုံ | ၂ ဒသမ ၇၂ လက်မ |
| မုဒုံ | ၂ ဒသမ ၄၈ လက်မ |
| ဟုမ္မလင်း | ၂ ဒသမ ၃၇ လက်မ |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံ စီးပွားရေးအသိုက်အဝန်းမှ အမှုဆောင်အရာရှိချုပ်များနှင့် စားပွဲဝိုင်းဆွေးနွေး

**သည်ဟေ့ဂ် စက်တင်ဘာ ၉**

နယ်သာလန်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့သည် စက်တင်ဘာ ၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် Rotterdam ဆိပ်ကမ်းမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ကြပြီး Mauritshuis ပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းပန်းချီကားများနှင့် ကမ္ဘာကျော်ပန်းချီကားများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် Confederation of Netherlands Industry and Employers (VNO-NCW)သို့ ရောက်ရှိကြရာ နယ်သာလန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Ms. Lilianne Ploumen၊ VNO-NCW ဥက္ကဋ္ဌ Mr.Ben Van Beurden နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် နယ်သာလန်နိုင်ငံ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံ စီးပွားရေးအသိုက်အဝန်းမှ အမှုဆောင်အရာရှိချုပ်များနှင့် စားပွဲဝိုင်းဆွေးနွေးပွဲပြုလုပ်စဉ်။ (သတင်းစဉ်)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖန်လုံအိမ်စိုက်ပျိုးနည်းဖြင့် ခရမ်းချဉ်စိုက်ပျိုးထားရှိမှု ကြည့်ရှုလေ့လာ

**သည်ဟေ့ဂ် စက်တင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နယ်သာလန်နိုင်ငံရှိ Tomato World ဖန်လုံအိမ်စိုက်ပျိုးရေးဗဟိုဌာနသို့ ရောက်ရှိကြရာ Zuid Holland ပြည်နယ်၏ ဘုရင့် Commissioner Mr. Smit နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား ခရမ်းချဉ်သီးစိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ Mr.Jos van Mil က ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ခရမ်းချဉ်သီးဖန်လုံအိမ် စိုက်ပျိုးရေးခြံပိုင်ရှင်အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခရမ်းချဉ်သီးအား ဖန်လုံအိမ်စိုက်ပျိုးနည်းဖြင့် စနစ်တကျစိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။(ဝဲပုံ)

စာမျက်နှာ ၉ ကော်လံ ၂ သို့ ❐




**ကြေးမုံ စာတည်းရှုထောင့်** — ၁၀-၉-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

# သိပ္ပံပွဲခင်း (၂၀၁၄)မှ သင်ထောက်ကူများ

ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်၏ရေရှည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သောကြောင့် ပညာရေးအသုံးစရိတ်ကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ချထားပေးလျက်ရှိကြောင်း၊ ထို့ပြင် မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်များကို အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် လေ့ကျင့်မွေးထုတ်ပေးရေး၊ အဆင့်မြင့်ပညာ ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရေး၊ သင်ထောက်ကူပစ္စည်းများ ပိုမိုထိရောက်စွာ အသုံးပြုသင်ကြားစေရေး၊ ခေတ်စနစ်နှင့်ညီသည့် သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတကာအဆင့်မီ ပညာရေးဖြစ်စေရေးတို့ကို မမှိတ်မသုန်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ရန်ကုန်တက္ကသိုလ်သိပ္ပံပွဲခင်း ၂၀၁၄ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားခဲ့ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် ပညာရေးအခန်းကဏ္ဍ၏အရေးပါမှုကို အလေးထားပြောကြားခဲ့ခြင်းဖြစ်ပါသည်။ ပညာရေးကဏ္ဍအရည်အသွေးမြင့်မားပြီး ဖွံ့ဖြိုးနေသည့်တိုင်းပြည်များကိုကြည့်လျှင် နိုင်ငံကြီးသည်၊ ငယ်သည်ထက်၊ သယံဇာတပေါကြွယ်သည်၊ မပေါကြွယ်သည်ထက် အဆိုပါနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ အရည်အသွေးအနိမ့်အမြင့်ပေါ်မူတည်ပြီး အဆင့်အတန်းအနိမ့်အမြင့်ကွဲပြားသွားကြောင်း၊ ဖွံ့ဖြိုးသည့်နိုင်ငံများတွင် အရည်အသွေးမြင့်သည့် ပညာရေးကို ပိုမိုဖြည့်ဆည်းပေးနိုင်စွမ်းရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှ ပညာရေးအသုံးစရိတ်ကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ချထားပေးလျက်ရှိကြောင်းလည်း ထည့်သွင်းပြောကြားသွားသည်။

ထို့ပြင် အဓိကကျသည့်အချက်တစ်ချက်မှာ တက္ကသိုလ်များနှင့်ပတ်သက်၍ "ရန်ကုန်တက္ကသိုလ်အနေဖြင့်လည်း မိမိတက္ကသိုလ်ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် မိမိတို့ကိုယ်တိုင် တာဝန်ယူဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း" ထပ်မံမှာကြားခဲ့သေးသည်။ ရန်ကုန်တက္ကသိုလ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် တက္ကသိုလ်၏ စွမ်းဆောင်မှုအပေါ် မူတည်၍ လိုအပ်ချက်များကိုသာ နိုင်ငံတော်အစိုးရကဖြည့်ဆည်းပေးသွားမည်ဟု သိရသည်။ တစ်နိုင်ငံလုံး၏ တက္ကသိုလ်ပေါင်း ၁၆၈ ခုသို့ မီးမောင်းထိုးပြလိုက်ခြင်း။ အနာဂတ်တက္ကသိုလ်များ၏ ပွင့်လင်းမြင်သာရှိလာမှု အစပြုလိုက်ခြင်းတစ်ရပ်ဟု ဆိုနိုင်ပါသည်။

လမ်းညွှန်မှာကြားချက်တွင် သင်ထောက်ကူပစ္စည်းများ ပိုမိုထိရောက်စွာ အသုံးပြုသင်ကြားစေရေး အချက်တစ်ချက်လည်း ပါဝင်သည်။ သိပ္ပံပွဲခင်းအတွင်းတွင်လည်း ပြခန်းပေါင်း ၆၀ တွင် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ နည်းပညာနှင့် သိပ္ပံပညာသုတေသနဆိုင်ရာ အသုံးအဆောင်ပစ္စည်းများလည်း ပါဝင်သည်ကို တွေ့ရသည်။ အလွှာအသီးသီးမှ လာရောက်လေ့လာကြသူ လူပေါင်းစုံနှင့် စည်ကားလျက်ရှိနေသည်။

တွေ့ဆုံမေးမြန်းကဏ္ဍတွင် လာရောက်လေ့လာသူ ဆေးတက္ကသိုလ်(၂) ဒုတိယနှစ် ကျောင်းသားလေးတစ်ဦး၏ အဖြေစကားကလည်း စိတ်ဝင်စားစရာ ကောင်းသည်။ ဆေးကျောင်းတွင် သင်ကြားရသည့် ဆေးပညာရပ်ပါ ဆေးပင်များကို ဤရောက်မှမြင်တွေ့ရ၍ လာရောက်လေ့လာရသည်မှာ အကျိုးရှိပါကြောင်း ဖြေကြားသွားသည်။ တစ်နေ့ ရှစ်တန်းကလေး တစ်စု၏ စာဖတ်ဝိုင်းတွင် မဟော်သဓာ၏ နွားတရားစီရင်ခန်းသင်ခန်းစာပါ သျှိသျှားရွက်ကို မြင်ဖူးပါသလားဟု မေးကြည့်မိသည်။ မျက်လုံးဝိုင်းလေးများဖြင့် ပြန်လည်တုံ့ပြန်သည်။ တစ်ယောက်မျှ သျှိသျှားရွက်ကို မမြင်ဖူးကြ။ မသိကြ။ စာမှာပါ၍သာ အရကျက်မှတ်နေကြခြင်းဖြစ်သည်။

ယခုလည်း ဆေးတက္ကသိုလ်ကျောင်းသားလေး၏အဖြေသည် တက္ကသိုလ်အချို့တွင် သင်ထောက်ကူအားနည်းခြင်း၏ လက္ခဏာကို ပြနေသည်။ သင်ထောက်ကူကို လွယ်ကူပါက အစစ်နှင့်ပြ၍ရသလို ဓာတ်ပုံမှတ်တမ်းများဖြင့်လည်း သင်ကြားပေးသွား၍ ရနိုင်ပါသည်။ အဓိကမှာ ကလေးများ သိအောင် သင်ထောက်ကူကိုသုံး၍ သင်ကြားပေးဖို့သာ ပဓာနဖြစ်ပါသည်။

သိပ္ပံပွဲခင်း ၂၀၁၄ ၏ပြသထားမှုများသည် လက်ရှိတက္ကသိုလ်များတွင် အသုံးပြုနေသော သင်ထောက်ကူပစ္စည်းများ၊ တီထွင်ထားမှုများ၊ သိပ္ပံနှင့်ဆိုင်ရာအချက်အလက်များ ပေါင်းစုံသည်။ အရေးကြီးဆုံးမှာ ပြခန်းအတွင်းမှ သင်ထောက်ကူများကို စာသင်ခန်းတွင် လက်တွေ့ကျင့်သုံးနိုင်ဖို့ပင်။ နိုင်ငံတော်မှလည်း တက္ကသိုလ်များ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆိုင်ရာတက္ကသိုလ်များမှပင် တာဝန်ယူဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်ရာ တာဝန်ယူရမှုနှင့်အတူ တာဝန်ခံမှုပါ တွဲလျက်ပါလာနေပြီဖြစ်သည်။ တစ်ဖက်မှာလည်း နိုင်ငံတော်အပိုင်းမှ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိလာနေပြီဖြစ်ရာ တက္ကသိုလ်တစ်ခု၏ စွမ်းရည်အနိမ့်အမြင့်သည် သက်ဆိုင်ရာ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၏ လက်ဝယ်တွင်သာရှိနေပါကြောင်း သင်ထောက်ကူနှင့်ပတ်သက်၍ ခံစားတင်ပြလိုက်ရပါသည်။ ။

# တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်း(နေပြည်တော်-မန္တလေး အပိုင်း)မိုင်တိုင်အမှတ်(၃၁၆/၆ နှင့် ၃၁၆/၇)အတွင်း လမ်းပိုင်းအခြေအနေနှင့် စစ်ကိုင်း-ရွှေဘိုလမ်းပိုင်း လမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေဘို-မြစ်ကြီးနားလမ်းပိုင်းပေါ်ရှိ တံတားအမှတ်(၁/၇) ကိုးပင်တံတား ချဉ်းကပ်လမ်း ရေတိုက်စားမှုကို ပြန်လည်ပြုပြင်နေမှု၊ တံတားအမှတ် (၄/၇) ကွန်ကရစ်တံတားကျိုးကျမှုကို ယာယီဘေလီတံတားထိုး၍ ပြုပြင်ဆောင်ရွက်နေမှု၊ တံတားအမှတ် (၂/၈)ကွန်ကရစ်တံတားပျက်စီးမှုကို ယာယီဘေလီတံတားထိုး၍ ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၈/၂ နှင့် ၈/၃)ကြားတွင် ကတ္တရာလမ်းပေါ် ရေကျော်၍ ရေတိုက်စားပျက်စီးမှု၊ ရွှေဘို-ခင်ဦး-ရေဦး-မုံရွာလမ်းပေါ်ရှိ တံတားများ တိုးချဲ့တည်ဆောက်နေမှုနှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-မုံရွာလမ်း ကိုင်းတောမတံတား ချဉ်းကပ်လမ်းချောင်းရေတိုက်စားမှုကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ တံတားအမှတ် (၂/၃၈၇)ရေတိုက်စားမှုကို ပြုပြင်နေမှုနှင့်ကတ္တရာလမ်းသား ရေတိုက်စားမှုမရှိစေရေးကာကွယ်ထားရှိမှု၊ ဂွေးချောင်းတံတား ချောင်းရေတိုက်စားမှုကို ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရှည်(၃၁၄၀)ပေ အမှတ်(၂)ပေါက်တံတား (ရေပြာ) တံတားပေါ်တွင် Overlay Slab လောင်းရန် အပြီးသတ်ဆောင်ရွက်ရန် ကျန်ရှိသည့်အပိုင်းအား သံဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အမှတ်(၂)ပေါက်တံတား (ရေပြာ)တည်ဆောက်ရေးလုပ်ငန်းများမှာ တံတားတစ်စင်းလုံး ၈၉ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ အမြန်ဆုံးဖွင့်လှစ်နိုင်ရန် ကျန်ရှိသည့်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြောက်ဥက္ကလာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်လိုင်းကြိုးတပ်ဆင်

**ရန်ကုန် စက်တင်ဘာ ၉** - လမ်းသွားလမ်းလာများနှင့် ကျောင်းသားကျောင်းသူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် လမ်းပေါ်စိုက်ထူထားသော အက်ကွဲ၊ ကျိုးပဲ့ ဓာတ်တိုင်များ၊ စွမ်းအင်လျော့နည်းလျှပ်စစ်ကြိုးများအား လမ်းကော်မတီ၊ လမ်းသူလမ်းသားများ စုပေါင်းထည့်ဝင်လှူဒါန်းငွေဖြင့် မြောက်ဥက္ကလာပ(၅)ရပ်ကွက် နှင်းဆီလမ်းမကြီးတွင်မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူးရုံးမှ ကျွမ်းကျင်ဝန်ထမ်းများ ဝိုင်းဝန်းကူညီပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်လိုင်းဓာတ်ကြိုး တပ်ဆင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၈ ရက်က ဆောင်ရွက်ကြသည်။ **(ထွန်းဝင်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၉**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၈၅၀၀ - | ၆၅၉၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၈၃၀၀ - | ၆၅၉၃၀၀ |

**စက်သုံးဆီဈေးနှုန်း**


| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၉၇၀. ၀၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၂၅၀. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၅၇. ၉၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၀. ၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၆၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၀၉၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၉၁၄. ၆၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၄. ၇၀၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၉. ၉၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၇၀. ၉၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



## ပြည်တွင်းရေးရာ

### ❐ ဒုတိယသမ္မတမှ

ယင်းနောက် ပညာရေးကောလိပ်ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးစိုးသန့်က ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် လက်ခံသင်ကြားပေးနေသည့် သင်တန်းသား သင်တန်းသူအင်အားနှင့် သင်ကြားရေးဝန်ထမ်းအင်အား အခြေအနေ၊ ကျောင်းပရဝဏ်အတွင်း စာသင်ဆောင်များနှင့် စာသင်ခန်းများ အခြေအနေများအပေါ် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက တင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားရာတွင် ယခုလားရှိုးပညာရေးကောလိပ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပထမဆုံးဖွင့်လှစ်သည့် ကောလိပ်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာတွင် ပညာရေးကောလိပ် ၂၂ ခုရှိပါကြောင်း၊ အခြေခံပညာ ကျောင်းသား ကျောင်းသူ ၈ ဒသမ ၇ သန်းကျော်ရှိသည့် မြန်မာနိုင်ငံတွင် ဆရာ ဆရာမ ဦးရေမှာ ၂၉၉၉၀၀ ကျော်ရှိသည်ဖြစ်ရာ အမှန်တကယ်ဖြစ်သင့်သည့် အချိုးအားဖြင့် ၃၀း၁ ဖြစ်ရမည်ဖြစ်သော်လည်း ယခုအခါ၌ ၄၀း၁ ဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း။

တက္ကသိုလ်ပညာသင်ကြားမှုတွင်မူ ဆရာနှင့် ကျောင်းသားအချိုးသည် ၁း၁၅ ဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ ထို့အတွက် များပြားလှသည့် ၄၀း၁ အချိုးအရ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို ထိန်းသိမ်းကြပ်မတ်နိုင်ရန် ခက်ခဲမည်ဟု ထင်မြင်မိပါကြောင်း၊ ထို့အတူ အရေအတွက်သာမက အရည်အချင်းပါ လိုအပ်မည်ဖြစ်ပါကြောင်း။

ဘာသာရပ်ဆိုင်ရာ သင်ထောက်ကူပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်က တတ်နိုင်စွမ်းသလောက် ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း၊ အင်္ဂလိပ်ဘာသာရပ်ကို ပိုမိုတိုးတက်အားကောင်းလာစေရန် ဆရာ ဆရာမများအနေဖြင့် ကြိုးစားအားထုတ်သင့်ပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရာတွင် အင်္ဂလိပ်စာစွမ်းရည် မနိမ့်ကျစေရန် ကြိုးပမ်းအားထုတ်သင့်ပါကြောင်း။

Globalization ခေတ်တွင် ကမ္ဘာသုံးဘာသာစကား ရပ်ပေါင်းများစွာ ရှိလာနေပြီဖြစ်ရာ မြန်မာဘာသာတစ်ခုတည်း၊ အင်္ဂလိပ်ဘာသာတစ်ခုတည်းသာမက အိမ်နီးချင်းနိုင်ငံများ၏ ဘာသာစကားများကိုလည်း လေ့လာ၍ တတ်ကျွမ်းမှုရှိစေရန် သင်ယူသင့်ပါကြောင်း၊ ဆရာ ဆရာမများ တော်မှ တတ်မှသာ မိမိတို့သင်ကြားပေးနေသည့် ကျောင်းသား ကျောင်းသူများလည်း တော်မည်၊ တတ်မည်ဖြစ်ရာ ဆရာဆရာမများက ကြိုးစားအားထုတ်ကြရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာတော်သင်များကို နိုင်ငံတကာသို့ စေလွှတ်ပြီး နိုင်ငံအတွက် အကျိုးရှိမည့် ပညာရပ်များကို သွားရောက်သင်ယူစေလျက် ရှိပါကြောင်း၊ ယင်းသို့ တန်ဖိုးရှိသည့် ပညာရပ်များကို သင်ယူတတ်မြောက်လာပါက မိမိတို့နိုင်ငံအတွက် တန်ဖိုးရှိမည့်၊ အကျိုးရှိစေမည့် ကိစ္စရပ်များကို ပြန်လည်ဆောင်ရွက်နိုင်စေရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဗြိတိန်နိုင်ငံမှ လာရောက်၍ ပညာသင်ကြားပေးလျက်ရှိနေသည့် Native Speaker ဖြစ်သူ Mr.Gregory Quinlivan အား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ၏ အင်္ဂလိပ်စာစွမ်းရည် ပိုမိုမြင့်မားတိုးတက်လာစေရေးအတွက် သင်ကြားပေးနိုင်ရေးဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လားရှိုးမြို့ မြို့ရှောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်တွင် အေးရှားဝေါလ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်၊ စီမံကိန်းတာဝန်ခံ ဒေါ်နန်းကြာလီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်တို့က မြို့ရှောင်လမ်းအတွက် လမ်းအူကြောင်းဖောက်လုပ်နေမှုအခြေအနေ၊ မြေကာနံရံနှင့် ကွန်ကရစ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ လမ်းအရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် လမ်းဖောက်လုပ်မှုလုပ်ငန်းဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များအပေါ် လမ်းညွှန်မှာကြားကာ မြို့ရှောင်လမ်းအထက်ပိုင်းကို မော်တော်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ အေတီရေကျော်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တံတားတည်ဆောက်မှုလုပ်ငန်းအခြေအနေနှင့် ရေစီးရေလာကောင်းမွန်မှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လူနာတင်ယာဉ်အား အမွေးနံ့သာရည်ပက်ဖျန်းပေးစဉ်။**
(သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လေ့ကျင့်ရေးအလယ်တန်းကျောင်းမုခ်ဦး ဖွင့်လှစ်ပွဲသို့ တက်ရောက်အားပေးစဉ်။**
(သတင်းစဉ်)

# ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်အား ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှ-ပစိဖိတ်ဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်အား ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှ-ပစိဖိတ်ဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Filip Grzegorzewski နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ရေးရာဆောင်(I-1)၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ဦးသောင်း၊ ဒေါ်ခင်ဌေးကြွယ်၊ ဦးသိန်းထွန်းဦး၊ ဦးခင်ဝင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




# မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး


**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအဖွဲ့ (အေဗင်)ဥက္ကဋ္ဌ မစ္စတာချန်ဘက်ခ်ဟာ (Mr. Tran Bac Ha) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဒေါက်တာစန်းလွင်တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၂း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ပန်းတွေနိုးတဲ့နံနက်ခင်း" (မင်းမော်ကွန်း၊ မိုးဟေကို) (ဒါရိုက်တာ-နေပိုင်)
၃း၄၅ မြန်မာယူ(၂၃) ပဏာမလက်ရွေးစင်အသင်းနှင့် ဂျပန် Football League ညွှန့်ပေါင်းလက်ရွေးစင်အသင်း ချစ်ကြည်ရေးခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၈း၃၅ သက်ဝင်လှုပ်ရှားသတင်းပုံရိပ်များ ရည်ရွယ်ဦးတည်ပြည်သူ့ဆီ
၈း၄၅ ပြည်သူတို့ရဲ့စကားသံများ
၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသ အခြေအနေ
၉း၃၀ သုခမရင်ခွင့်အငြိမ့်သဘင် "စတားရွှေစင်အငြိမ့်" (မင်းသမီး-တက္ကသိုလ်ချစ်ချစ်ကျော်ဇင်၊ လူရွှင်တော်-မိုးတိမ်၊ ကံပွင့်၊ ဒွဲဒိုး၊ ဆန်းသစ်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

❂ ကျောဖုံးမှ
ဌာနဆိုင်ရာအကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်အကြံပေးအရာရှိများဖြစ်ကြသည့် ဒိန်းမတ်နိုင်ငံမှ Mr. Morten Sondergard၊ ဩစတြေးလျနိုင်ငံမှ Mr. Michael Emmerton၊ ဂျာမနီနိုင်ငံမှ Mr. Heinz Wolfgang Friedrich Bohnke၊ ပြည်တွင်းမှ အတတ်ပညာရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ နာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ပေါများကြွယ်ဝပြီး ယုံကြည်စိတ်ချရသည့် စွမ်းအင်မရှိဘဲ မည်သည့်အစိုးရမျှ ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စွမ်းအင်သုံးစွဲမှုတွင် မူလအခြေခံစွမ်းအင်ဖြစ်သော ထင်း၊ မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ရေအားလျှပ်စစ်များကို အဓိကထုတ်လုပ်သုံးစွဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လူတစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၁၈၀ ကီလိုဝပ်နာရီခန့်သာရှိသေးပြီး ထင်း၊ မီးသွေးသုံးစွဲမှုသည် စုစုပေါင်း စွမ်းအင်သုံးစွဲမှု၏ ၇၆ ရာခိုင်နှုန်းအထိ ရှိနေသေးပါကြောင်း၊ တစ်ဦးချင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှုနိမ့်ကျပြီး ရှေးရိုးလောင်စာများ သုံးစွဲမှုများပြားနေခြင်းသည် ဆင်းရဲနွမ်းပါးမှု၏ အမှတ်လက္ခဏာများဖြစ်ပါကြောင်း။

ထို့ကြောင့် တစ်ဦးချင်းလျှပ်စစ်သုံးစွဲမှုကို မြှင့်တင်ပေးပြီး မိရိုးဖလာထင်း၊ မီးသွေးသုံးစွဲမှုကို လျှော့ချရန်လိုအပ်ပါကြောင်း၊ သို့မှသာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ထိရောက်စွာအထောက်အကူပေးနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲမှုများကြောင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပါကြောင်း၊ ယခုကဲ့သို့ တိုးတက်လာသည်နှင့်အမျှ မိမိတို့နိုင်ငံ၏ ရှိရင်းစွဲအခြေခံအဆောက်အအုံများ အရည်အသွေးအရရော အရေအတွက်အရပါ မလုံလောက်သည့်အတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေရသောကြောင့် ယနေ့စွမ်းအင်လိုအပ်ချက်သည် တစ်နေ့တခြား မြင့်မားလာပါကြောင်း။

ထို့ကြောင့် လူမှုပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးသက်သာပြီး သဘာဝအရင်းအမြစ်များကို သင့်တင့်မျှတစွာ သုံးစွဲနိုင်သည့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းအင်ဆိုင်ရာ နည်းပညာများနှင့် အခြေခံအဆောက်အအုံများကို ခေတ်နှင့်အညီ ပြုပြင်ဆောင်ရွက်ရန် လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း။

စီးပွားရေးအရဖြစ်စေ၊ ဘဏ္ဍာရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်အရဖြစ်စေ ထိခိုက်ကုန်ကျမှုအနည်းဆုံးဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် အရည်အသွေးမီ စွမ်းအင်ဝန်ဆောင်မှုလုပ်ငန်းများကို သုံးစွဲသူများထံသို့ ဆောင်ကြဉ်းပေးနိုင်ရန် ရည်မှန်းချက်ထားရှိပါကြောင်း။

စွမ်းအင်ကဏ္ဍအသီးသီး၏ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်ဖြည့်ဆည်းနိုင်မှုပမာဏ တိကျမှန်ကန်ခိုင်မာသည့် ကိန်းဂဏန်းစာရင်းအင်းများရရှိရေး၊ သယံဇာတထုတ်ယူသုံးစွဲမှုလုပ်ငန်းများ ထင်သာမြင်သာရှိစေရေး၊ လျှပ်စစ်ဓာတ်အားအမြန်ဆုံး တိုးချဲ့ဖြန့်ဖြူးရေး၊ ကာလရှည် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးမှုစီမံရေး၊ စွမ်းအင်ပေါင်းစပ်သုံးစွဲမှု အချိုးအစား အကောင်းဆုံးဖြစ်စေရေး၊ ပြန်ပြည့်မြဲစွမ်းအင် သယံဇာတဖွံ့ဖြိုးရေး၊ စွမ်းအင်ဈေးနှုန်း သတ်မှတ်ရာတွင် ထုတ်လုပ်သူနှင့်သုံးစွဲသူ နှစ်ဦးနှစ်ဖက် စီးပွားရေးအာမခံချက်ရှိစေရေး၊ စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲမှုမြှင့်တင်ရေးနှင့် ခြိုးခြံချွေတာရေး၊ စွမ်းအင်ကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍ ငွေကြေးအစီအစဉ်များရရှိရေး၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့် အဓိကအချက်အလက်များပါဝင်သည့် မူဝါဒမူဘောင်နှင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာပြီး တည်ငြိမ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် ရေရှည်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များလည်း လိုအပ်ပါကြောင်း။

စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်နေသော ဝန်ကြီးဌာနများသည် ပြန့်ကျဲလျက်ရှိသောကြောင့် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက်မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ချမှတ်ထားပြီးဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်၍ ရေတိုရေရှည် စီမံချက်များချမှတ်ကာ ရလဒ်အခြေပြု စီမံခန့်ခွဲမှုဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမျိုးသားစွမ်းအင် မူဝါဒရေးဆွဲမှုဆိုင်ရာကိစ္စရပ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာအကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ စွမ်းအင်မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ စသည့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ စွမ်းအင်နှင့် ဆက်နွှယ်လျက်ရှိသော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု မူဝါဒရေးဆွဲခြင်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးလုပ်ငန်းစဉ်များ၊ စွမ်းအင်ကဏ္ဍအတွက် ကျောက်မီးသွေး ထောက်ပံ့ပေးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များရေးဆွဲနေမှုနှင့် လျှပ်စစ်ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်နေမှု အခြေအနေများ၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ အာရှဖွံ့ဖြိုးရေးဘဏ် အကြံပေးအရာရှိများဖြစ်ကြသည့် Mr.Michael Emmerton က ကာလရှည် စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ Mr.Heinz Wolfgang Friedrich Bohnke က ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ မူဝါဒရေးဆွဲရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Mr. Morten Sondergard က စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအမံများဖော်ထုတ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း အသီးအသီးရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ နာယက ဒုတိယသမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ



**ရန်ကုန် စက်တင်ဘာ ၉**

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Nguyen Sinh Hung ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Pham Thanh Dung၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးငွေးမြင့်၊ အမျိုးသားလွှတ်တော် ကာကွယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**



အီရတ်အစိုးရအဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်နိုင်ရန် ပါလီမန် အထူးအစည်းအဝေး ကျင်းပစဉ်။

# အီရတ်၌ အစိုးရအဖွဲ့သစ် ဖွဲ့စည်းမှု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကြိုဆို

**ကုလသမဂ္ဂ စက်တင်ဘာ ၉**

အီရတ်နိုင်ငံ၌ အစိုးရအဖွဲ့သစ် ဖွဲ့စည်းလိုက်ခြင်းကို ကြိုဆိုကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စက်တင်ဘာ ၈ ရက်တွင် ပြောကြားလိုက်သည်။

**အထောက်အကူပြု**

အီရတ်နိုင်ငံ၌ နိုင်ငံရေးတည်ငြိမ်မှုရရှိကာ ငြိမ်းချမ်းရေး ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ကြိုးပမ်းရာတွင် အစိုးရအဖွဲ့သစ် ပေါ်ထွန်းလာမှုက အထောက်အကူပြုမည်ဖြစ်ကြောင်း ဘန်ကီမွန်းက ပြောကြားလိုက်သည်။

အီရတ်အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်အဖြစ် ဟိုင်ဒါ အယ်လ်အာဘာဒီအား ရွေးချယ်လိုက်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အစိုးရအဖွဲ့သစ်တွင် အားလုံး ပါဝင်ခွင့်ရရှိခြင်းအတွက် မိမိတို့ ကြိုဆိုကြောင်း ဘန်ကီမွန်းက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်ပါလီမန်သည် အထူးအစည်းအဝေးခေါ်ယူကာ ဝန်ကြီးအဖွဲ့သစ် ဖွဲ့စည်းခြင်းကို အတည်ပြုနိုင်ရန် မဲပေးခဲ့ကြသည်။ ဝန်ကြီးချုပ်သစ် အာဘာဒီက လာမည့် လေးနှစ်တာကာလအတွက် တာဝန်ယူမည့် ဝန်ကြီးများအတွက် ရွေးချယ်မှုပြုလုပ်ခဲ့သည်။

ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဝန်ကြီးနေရာများ၌ ခန့်အပ်ရေးကိစ္စနှင့်ပတ်သက်၍ ပါလီမန်အစည်းအဝေးတွင် အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သည်။ ယင်းရာထူးများအတွက် မိမိအနေဖြင့် အမည်စာရင်းတင်သွင်းမှုကို ရက်သတ္တတစ်ပတ်အတွင်း ပြုလုပ်မည်ဖြစ်ကြောင်း အာဘာဒီက ပြောကြားသည်။

**ပါဝင်ခွင့်ပြု**

အစိုးရအဖွဲ့သစ်တွင် ဆွန်နီနှင့် ကာ့ဒ်မျိုးနွယ်တို့မှ ပုဂ္ဂိုလ်များကိုလည်း ပါဝင်ခွင့်ပြုသဖြင့် အားလုံးပါဝင်ခွင့်ရှိသော အစိုးရဖြစ်ရေးဟူသော အမေရိကန်၏ တောင်းဆိုချက်မှာ ပေါက်မြောက်အောင်မြင်ခဲ့သည်။ အစိုးရအဖွဲ့သစ်တွင် မျိုးနွယ်စုများအားလုံးကို ကိုယ်စားပြုသည့် ပုဂ္ဂိုလ်များပါဝင်မှသာ စစ်ရေးအကူအညီပေးမည်ဟု အမေရိကန်အစိုးရက တောင်းဆိုခဲ့သည်။ **ပီတီအိုင်။**



# မလေးရှားနှင့် ဆက်ဆံရေး မြှင့်တင်ရန် အိန္ဒိယဝန်ကြီးချုပ်နရိန္ဒြာမိုဒီ ဆန္ဒရှိ

**နယူးဒေလီ စက်တင်ဘာ ၉**

အိန္ဒိယနိုင်ငံသည် မလေးရှားနိုင်ငံနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ဆန္ဒရှိကြောင်း ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

မလေးရှား သဘာဝအရင်းအမြစ်များဆိုင်ရာ ဝန်ကြီး ဆရီဖလန်နီဗယ်လ်အား လက်ခံတွေ့ဆုံရာ၌ ဝန်ကြီးချုပ်နာရိန္ဒြာမိုဒီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မလေးရှားနှင့်အိန္ဒိယတို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သည့်နည်းတူ အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဖြင့် ဒေသတွင်း ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် အထောက်အကူရရှိမည်ဖြစ်ကြောင်း မိုဒီက ပြောကြားသည်။

မလေးရှားနိုင်ငံအတွင်း နေထိုင်သည့် အိန္ဒိယနွယ်ဖွားလူဦးရေ နှစ်သန်းကျော်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဝင်လှုပ်ရှားနေကြပြီး လူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်သည့် မလေးရှားနိုင်ငံ၏ ရပ်တည်ချက်ကို မိမိချီးကျူးကြောင်း အိန္ဒိယဝန်ကြီးချုပ်က ပြောကြားသည်။ **ပီတီအိုင်။**



မလေးရှားနိုင်ငံ မလက္ကာပြည်နယ်၌ နေထိုင်ကြသည့် အိန္ဒိယနွယ်ဖွားများအား ဒီပါဝလီပွဲတော်၌ တွေ့မြင်ရသည့် မှတ်တမ်းပုံ။

# အာဆီယံ-တရုတ်ကုန်စည်ပြပွဲ နန်နင်းမြို့၌ ကျင်းပမည်

**ပေကျင်း စက်တင်ဘာ ၉**

အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)-တရုတ်ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကွမ်စီးကျွမ်းဒေသ နန်နင်းမြို့၌ စက်တင်ဘာ ၁၆ ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

(၁၁)ကြိမ်မြောက် အာဆီယံ-တရုတ်ကုန်စည်ပြပွဲသည် တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှဒေသရှိ နိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆက်ဆံမှု မြှင့်တင်ရာတွင် အထောက်အကူပြုမည်ဖြစ်သည်။

သတ္တမအကြိမ် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး ကျင်းပခဲ့စဉ်က ယင်းကုန်စည်ပြပွဲ နှစ်စဉ်ကျင်းပသွားရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အဆိုပြုခဲ့ခြင်းဖြစ်သည်။ အာဆီယံ-တရုန်ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ ကွမ်စီးကျွမ်းဒေသ နန်နင်းမြို့၌ နှစ်စဉ်ကျင်းပလေ့ရှိသည်။ **ဆင်ဟွာ။**

# ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှု ၂၀၁၃ ခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့

**ဂျီနီဗာ စက်တင်ဘာ ၉**

ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပါဝင်မှုပမာဏမှာ ၂၀၁၃ ခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ထုတ်ပြန်သော နှစ်ပတ်လည်အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

လူ့ပယောဂကြောင့် ဖြစ်ပေါ်ရသော လေထုညစ်ညမ်းမှုသည် ကမ္ဘာ့ရာသီဥတုပူနွေးမှုကို ဖြစ်ပေါ်စေနိုင်သည်။ လွန်ခဲ့သည့်နှစ်က ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ စုဝေးမှုသည် ဆယ်စုနှစ်သုံးစုတာကာလအတွင်း နှစ်အလိုက် နှိုင်းယှဉ်ချက်အရ အမြင့်ဆုံးပမာဏဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပါဝင်မှုသည် လွန်ခဲ့သည့်နှစ်က ၃၉၆ ပီပီအမ်ရှိခဲ့ကြောင်း၊ ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာသုံးစွဲမှုကဲ့သို့သော လူ့ပယောဂကြောင့်ဖြစ်ရသည့် လေထုညစ်ညမ်းမှုပြဿနာကြောင့် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုများ ပိုမိုဖြစ်ပေါ်လာရကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် အတွင်းရေးမှူးချုပ် မိုက်ကယ်ဂျာရွတ်က ပြောကြားသည်။ **ပီတီအိုင်။**



အမေရိကန် ဟာဝိုင်ယီပြည်နယ် မော်နာလိုအာ သုတေသနစခန်း၌ ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပါဝင်မှုကို တိုင်းတာရန် စက်ကိရိယာများ တပ်ဆင်ထားစဉ်။

# ဩစတြေးလျအရှေ့ပိုင်း၌ ငါးမန်းကိုက်ခံရမှုကြောင့် အမျိုးသားတစ်ဦးသေဆုံး

**ဆစ်ဒနီ စက်တင်ဘာ ၉**

ဩစတြေးလျနိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသ ဘိုင်ရွန်ပင်လယ်အော်၏ နာမည်ကျော် အပန်းဖြေစခန်းတစ်ခုတွင် ငါးမန်းကိုက်ခံရမှုကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

ငါးမန်းကိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသူမှာ ဒေသခံအမျိုးသားတစ်ဦးဖြစ်ပြီး အသက် ၅၀ ကျော်အရွယ်တွင်ရှိကြောင်း၊ ၎င်း၏ညာဘက်ခြေထောက်မှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ပြီး ခရီးသည်တစ်ဦးက ၎င်းကို ကယ်တင်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကလပ်ကေးစ်သဲသောင်ပြင်တွင် အပန်းဖြေနေသူလူတစ်ဦးက မီတာ ၂၀ ခန့်အထိ ကူးခတ်ကာ ငါးမန်းကိုက်ခံရသူကို ကယ်တင်ခဲ့သော်လည်း သဲတောင်ပြင်ပေါ်၌ အရေးပေါ် ဆေးဝါးကုသပေးစဉ်အတွင်း ငါးမန်းကိုက်ခံရသူ သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**

# အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းရေး ညွန့်ပေါင်းဖွဲ့စည်းရန် ဆော်ဒီ၌ ဆွေးနွေးမည်

**ဝါရှင်တန် စက်တင်ဘာ ၉**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့၌ အာရပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံကာ အိုင်အက်စ်အမည်ရှိ ဆွန်နီစစ်သွေးကြွအဖွဲ့ကို ချေမှုန်းနိုင်ရေးအတွက် ညွန့်ပေါင်းအဖွဲ့တစ်ရပ်ဖွဲ့စည်းရန် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

ယင်းတွေ့ဆုံဆွေးနွေးမှုကို ဆော်ဒီအာရေဗျနိုင်ငံရှိ ဆိပ်ကမ်းမြို့ကြီးဖြစ်သည့် ဂျက်ဒါတွင် နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး အီဂျစ်၊ ဂျော်ဒန်၊ အီရတ်နှင့် ပင်လယ်ကွေ့အာရပ်ခြောက်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်မည်ဟု အီဂျစ်နိုင်ငံခြားရေး တာဝန်ရှိသူက ပြောကြားသည်။

အာရပ်နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် တွေ့ဆုံသည့်အခါ အိုင်အက်စ်အဖွဲ့၏ စစ်သွေးကြွများကို နှိမ်နင်းနိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဟု သတင်းတွင် ဖော်ပြသည်။

လက်ဘနွန် နိုင်ငံခြားရေးဝန်ကြီး ဂီဘရန်ဘက်ဆေးလ်သည်လည်း ယင်းအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း လက်ဘနွန်အစိုးရ တာဝန်ရှိသူတစ်ဦးက ဘေရွတ်မြို့တွင် သတင်းထောက်များအား ပြောကြားသည်။ **ဘီဘီစီ။**

# (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း

ခင်ချင်းတွင်း

**(ယမန်နေ့မှအဆက်)**

## အာဆီယံ၏စီးပွားရေးအခြေအနေနှင့် အဓိကစီးပွားဖက်နိုင်ငံများ

အာဆီယံဒေသတစ်ခုလုံး၏ ကုန်စည်ကုန်သွယ်ရေးတွင် ပို့ကုန်မှာ ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၃ ခုနှစ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ သွင်းကုန်မှာ ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၆ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ပါသည်။ အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုမှာ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၀၈ ဒသမ ၆ ဘီလီယံရှိလာခဲ့ပြီး ယခင်နှစ်ကထက် ၂ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ပါသည်။ **တရုတ်နိုင်ငံသည် အာဆီယံ၏ ပို့ကုန်အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ပြီး အီးယူသည် အာဆီယံအတွက် ဒုတိယအကြီးဆုံး ဈေးကွက်ဖြစ်ကာ အမေရိကန်ပြည်ထောင်စုသည် တတိယဖြစ်**သည်။ ၂၀၁၃ ခုနှစ်အတွင်း **အာဆီယံနိုင်ငံအတွင်းသို့စီးဝင်သည့် ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၄ ဘီလီယံ**ရှိပါသည်။ အဆိုပါ စီးဝင်မှုတွင် **အီးယူ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂၂ ရာခိုင်နှုန်းဖြစ်ပြီး ပထမအများဆုံး၊ ဂျပန်၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၁၈ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ဒုတိယအများဆုံးနှင့် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၁၇ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပြီး တတိယအများဆုံးနှင့် စတုတ္ထအများဆုံးမှာ တရုတ်နိုင်ငံ ၇ ဒသမ ၂ ရာခိုင်နှုန်း** ရှိပါသည်။

## အာဆီယံ၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးပေါင်းစည်းမှု

သို့ဖြစ်ပါ၍ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) လမ်းပြပုံစံ (AEC Blueprint)၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် ပါဝင်ပေါင်းစည်းသောဒေသ (Integration into the Global Economy) ဖြစ်ပေါ်လာရေးအတွက် ဦးတည်ရည်ရွယ်လျက် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အာဆီယံမူဘောင် (ASEAN Framework on Regional Comprehensive Economic Partnership-RCEP) ညှိနှိုင်းမှုများသည်လည်း အရှိန်ရစပြုနေပြီဖြစ်ပါသည်။ အာဆီယံဒေသအနေဖြင့် အရှေ့အာရှနိုင်ငံများထဲတွင် အာဆီယံအချက်အချာကျမှု (ASEAN Centrality) ကို ထိန်းသိမ်းပြီး ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးအပြင် ဆက်စပ်အစည်းအဝေးများအနေဖြင့် (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ အကြိမ် (၂၀) မြောက် အာဆီယံနှင့် ဂျပန်အကြား စီးပွားရေးဝန်ကြီးများအစည်းအဝေး၊ (၁၁)ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၇) ကြိမ်မြောက် အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) နိုင်ငံများ၏ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျနှင့် နယူးဇီလန် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၂) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ ဆဋ္ဌမအကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ တတိယအကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ ဒုတိယအကြိမ်မြောက် အရှေ့အာရှနိုင်ငံများစီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ ဒုတိယအကြိမ် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံ-မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် အစည်းအဝေး၊ တတိယအကြိမ် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ရုရှားနိုင်ငံ ဆွေးနွေးပွဲများအား ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေးအတွက် နီးကပ်စွာဆွေးနွေး၍ အမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။ ဒေသတွင်း အလုံးစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုစီမံကိန်း အကောင်အထည်ဖော်မှု (Regional Comprehensive Economic Partnership)တို့သည် အာဆီယံဒေသ၏ဖွံ့ဖြိုးမှုရည်မှန်းချက်ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

## ဒေသတွင်းဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး

အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် Inititative for ASEAN Integration (IAI) Programme သည် အလွန်အရေးပါလျက်ရှိပြီး လူ့စွမ်းအားရင်းမြစ်နှင့် နည်းပညာပြန့်ပွားစေရေးကိစ္စရပ်များအတွက် အဓိကအစီအစဉ်တစ်ရပ်ဖြစ်ပါသည်။ ဆွေးနွေးဖက်နိုင်ငံများမှလည်း အဆိုပါအစီအစဉ်အား ပံ့ပိုးမှုများရှိခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ပြည်တွင်းပြုပြင်ပြောင်းလဲမှု၊ စွမ်းရည်ထူထောင်မှုများကြောင့်လည်း အာဆီယံဒေသတစ်ခုလုံး၏ဖွံ့ဖြိုးမှုကို ပိုမိုအထောက်အကူပြုစေခဲ့ပါသည်။

ထိုသို့ ကြိုးပမ်းမှုများကြောင့် အဖွဲ့ဝင်နိုင်ငံသစ်များဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံ (CLMV) တို့၏ အာဆီယံစုစုပေါင်း GDP တွင် ပါဝင်မှုနှုန်းမှာ ၂၀၀၉ ခုနှစ်တွင် ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို အားရဖွယ်




တွေ့ရှိရပါသည်။ ၂၀၁၃ ခုနှစ်တွင် CLMV နိုင်ငံတို့၏ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၂ ဒသမ ၄ ဘီလီယံရှိလာခဲ့ပြီး ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၅ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ CLMV နိုင်ငံများသို့ စီးဝင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည်လည်း ၂၀၁၃ ခုနှစ်တွင် ၁၃ ဒသမ ၂ ဘီလီယံအထိ ရှိလာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင်လည်း CLMV နိုင်ငံတို့၏ အလားအလာမှာ ပိုမိုတိုးတက်ကောင်းမွန်နိုင်ကြောင်း သုံးသပ်ခဲ့ကြပါသည်။ ၂၈-၈-၂၀၁၄ ရက်နေ့တွင် ဆဋ္ဌမအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်အတွက် CLMV နိုင်ငံတို့တွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအားလည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

## အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး

အာဆီယံစီးပွားရေး အသိုက်အဝန်းသည် အာဆီယံ၏ အဓိကရည်ရွယ်ချက်ဖြစ်သည့်အလျောက် ဒေသတွင်းနိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမျှတစေရန်နှင့် ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ အာဆီယံပေါင်းစည်းဆက်သွယ်ရေး မဟာစီမံကိန်း (ASEAN Connectivity Master Plan) အကောင်အထည်ဖော်မှုနှင့် အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာ ရန်ပုံငွေ (ASEAN Infrastructure Fund) တို့အား ထိရောက်စွာ အသုံးပြုရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍမှ ပါဝင်မှုများကလည်း အရေးပါလာပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အဓိကအားဖြင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုမှာ မရှိမဖြစ် လိုအပ်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများအား ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် အဆိုပါကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိပြီး Public Private Partnership (PPP)ပုံစံသည် ရင်းနှီးမြှုပ်နှံမှုများကို တိုးတက်အောင်ဆောင်ရွက်ရာတွင် နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပထမအကြိမ် လုပ်ငန်းကဏ္ဍသစ်များဆိုင်ရာ အစိုးရ-ပုဂ္ဂလိက ဆွေးနွေးပွဲ (1st Public-Private Dialogue on New Industries) ကိုလည်း ၂၆-၈-၂၀၁၄ ရက်နေ့ နံနက်တွင် Royal ACE ဟိုတယ်၌ Side Event အဖြစ် ကျင်းပပြုလုပ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် အဓိကအခြေခံကျသည့် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်၊ စီမံခန့်ခွဲမှု စသည်တို့ကို တိုးတက်ဖွံ့ဖြိုးစေခြင်းဖြင့် အာဆီယံဒေသတွင်းတွင် ဆင်းရဲမှုလျှော့ချနိုင်ခြင်း၊ ဝယ်နိုင်စွမ်းအား မြင့်တက်လာမှုနှင့်အတူ လူလတ်တန်းစားအရွယ်အစား စဉ်ဆက်မပြတ် ကြီးမားလာခြင်း၊ ဒေသမှထုတ်လုပ်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ဈေးကွက်ရှာဖွေနိုင်ခြင်း၊ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုကွန်ရက်များ တိုးတက်လာစေခြင်း၊ ခေတ်မီနည်းပညာ လွှဲပြောင်းမှုများနှင့်အတူ ဒေသတွင်းရှိ နိုင်ငံများသည်လည်း ပိုမိုပြီး ပေါင်းစည်းလာပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းကို ပိုမိုပီပြင်လာနိုင်စေမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့် အာဆီယံစီးပွားရေးအကြံပေးကောင်စီ၊ အီးယူ-အာဆီယံစီးပွားရေးကောင်စီ၊ အာဆီယံ-အမေရိကန် ကုန်သွယ်ရေး ကိုယ်စားလှယ်များနှင့်လည်း ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးများ ကျင်းပခဲ့ပါသည်။ **ဒုတိယအကြိမ် အာဆီယံ-အမေရိကန်စီးပွားရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး**ကိုလည်း ၂၈-၈-၂၀၁၄ ရက်နေ့ Royal ACE ဟိုတယ်တွင် Side Event အဖြစ် ကျင်းပခဲ့ပါသည်။ **ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်ရေး**ကိစ္စရပ်များသည် မိမိတို့အာဆီယံဥက္ကဋ္ဌရာထူးဆောင်ရွက်နေစဉ်အတွင်း အထူးအလေးပေး အကောင်အထည်ဖော်ဆောင်လိုသည့် လုပ်ငန်းရပ်တွင် ပါဝင်လျက်ရှိပါသည်။

## ဖွံ့ဖြိုးမှုမူဝါဒများ၏ လိုက်လျောညီထွေရှိမှု

**အာဆီယံသည် တစ်ခုတည်းသော စရိုက်လက္ခဏာ၊ တစ်ခုတည်းသော မျှော်မှန်းချက်၊ တစ်ခုတည်းသော အသိုက်အဝန်းဟူသည့် အာဆီယံ၏ ဆောင်ပုဒ်နှင့်အညီ** အောင်မြင်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ် ပေါ်ထွန်းလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။ **ပြည်သူအခြေပြု အာဆီယံအသိုက်အဝန်းထူထောင်မှု**သည် ဆင်းရဲနွမ်းပါးမှုနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့်ဖွံ့ဖြိုးမှု မညီမျှခြင်းများကို ဖြေရှင်းရန်ဟူသော မူဝါဒသည် မြန်မာနိုင်ငံ၏ လက်ရှိပြဋ္ဌာန်းထားသည့် ဖွံ့ဖြိုးမှုမူဝါဒနှင့်လည်း လိုက်လျောညီထွေမှုရှိပါသည်။ **အာဆီယံအသိုက်အဝန်း တည်ထောင်ရေး မျှော်မှန်းချက်များသည် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်အရလည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏မူဝါဒများနှင့်လည်းကောင်း ကိုက်ညီမှုရှိနေပါသောကြောင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် အာဆီယံအသိုက်အဝန်းထူထောင်မှုကို သတ်မှတ်ထားသည့်အချိန်အတွင်း ပြီးမြောက်စေရန်အားပေးတိုက်တွန်း၍ ရှေ့သို့ချီတက်သွားမည်**ဖြစ်ပါသည်။

မိမိတို့နိုင်ငံအနေဖြင့် **အာဆီယံနိုင်ငံခေါင်းဆောင်များသာမက ဆွေးနွေးဖက်နိုင်ငံများ၏ ခေါင်းဆောင်ကြီးများပါ ပါဝင်တက်ရောက်မည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအား** ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း လက်ခံကျင်းပရန်ရှိပါသည်။ မိမိတို့နိုင်ငံ၏ အာဆီယံဥက္ကဋ္ဌတာဝန်ဆောင်ရွက်စဉ်ကာလအတွင်း အာဆီယံအသိုက်အဝန်းဖြစ်ပေါ်စေရန် အပြီးသတ်အရောက်တွန်းပို့ရမည့်အပိုင်းဖြစ်ပါသည်။

အာဆီယံပဋိညာဉ်အရ ၂၀၁၅ ခုနှစ်တွင် အာဆီယံလူမှုအဖွဲ့အစည်း (ASEAN Community) အကောင်အထည်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အာဆီယံစီးပွားရေးမဏ္ဍိုင်၏ **အေအီးစီလမ်းပြမြေပုံများအရ ဆောင်ရွက်ပြီးစီးသည့်အပိုင်း၊ ဆောင်ရွက်ရန် ကျန်အပိုင်းတို့ကို သုံးသပ်ကာ မိမိတို့နိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ်အတွင်း မှတ်တိုင်များ စိုက်ထူနိုင်အောင် ကြိုးပမ်းလျက်ရှိပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ်အလွန် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ မျှော်မှန်းချက် (AEC Post 2015 Vision) ကိုလည်းဖော်ထုတ်ကာ ၂၀၁၅ ခုနှစ်နောက်ပိုင်း ဆက်လက်ဆောင်ရွက်ရန်အချက်များကိုလည်း ထုတ်ဖော်ရမည့်အချိန်လည်းဖြစ်ပါသည်။** မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းတွင် အာဆီယံ၏ဦးဆောင်မှုအခန်းကဏ္ဍကို အလေးထားထိန်းသိမ်းပြီး အာဆီယံ၏မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များကို တာဝန်သိသည့်၊ တာဝန်ရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်ဖော်ဆောင်၍ အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေရချိန်တွင် (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ရလဒ်များကို မျှဝေရေးသားတင်ပြအပ်ပါသည်။ ။

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကြည့်ရှုလေ့လာ





**နေပြည်တော် စက်တင်ဘာ ၉**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Nguyen Manh Tien နှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းလှိုင်တို့နှင့်အတူ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ဟိုချီမင်းမြို့၌ ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ဟိုချီမင်းမြို့အနောက်ဘက် ဘန်ဒေါင်းပြည်နယ်ရှိ ရော်ဘာလုပ်ငန်းရှင်များအသင်းသို့ ရောက်ရှိကြပြီး VRG KHAI မှ Vice President Mr. Le Xuan Hoe က ရော်ဘာစိုက်ပျိုးမှု၊ ကျန်းမာရေးသုံး ရော်ဘာလက်အိတ်များနှင့် မိသားစုသုံးရော်ဘာပစ္စည်းများ ထုတ်လုပ်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် SOVICO Holdings လုပ်ငန်းစုသို့ ရောက်ရှိကြပြီး SOVICO လုပ်ငန်းစုများဖြစ်ကြသော HD Bank, Viet Jet Airline, Phulong လုပ်ငန်းများအား SOVICO Holdings ဥက္ကဋ္ဌ Dr.Nguyen Thanh Hung နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် Saigon Hi-Tech Park သို့ ရောက်ရှိကြရာ Board of Management President Mr.Le Hoai Quoc က Hi-Tech နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။**(ယာပုံ)** **(သတင်းစဉ်)**



# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပေါလစ်ဗျူရိုအဖွဲ့ဝင် (ဟိုချီမင်းမြို့) ဗီယက်နမ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး H.E.Mr. Le Thanh Hai နှင့်စက်တင်ဘာ ၈ ရက် ညနေ ၆ နာရီတွင် ဟိုချီမင်းမြို့ Reunification Palace အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။**(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ဒေါက်တာခင်ရွှေ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပေါလစ်ဗျူရိုအဖွဲ့ဝင်(ဟိုချီမင်းမြို့) ဗီယက်နမ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူးနှင့်အတူ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E.Mr.Nguyen Manh Tien၊ ဟိုချီမင်းမြို့ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်မှ အဆင့်မြင့်အရာရှိများ တက်ရောက်ကြကာ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား Reunification Palace ထမင်းစားခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ပါတီအတွင်းရေးမှူးနှင့်အတူ မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် Saigon Opera House သို့ ထွက်ခွာခဲ့ကြရာ Saigon Opera House တွင် ဟိုချီမင်းမြို့ ယဉ်ကျေးမှုအဖွဲ့မှ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဖျော်ဖြေပွဲအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုသည့် ဟိုချီမင်းမြို့ Inter Continental ဟိုတယ်သို့ ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၂၀ တွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၉**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့သည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ဟိုချီမင်းမြို့ရှိ Phu My Hung မြို့သစ်အိမ်ရာစီမံကိန်းကိုလည်းကောင်း၊ Bitexco Finacial Tower မှ ဟိုချီမင်းမြို့၏ ရှုခင်းကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ဟိုချီမင်းမြို့ Tan Son Nhat လေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ရာ ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ H.E.Mr. Nguyen Manh Tien၊ ဟိုချီမင်းမြို့ ပြည်သူ့ကောင်စီ အမြဲတမ်းကော်မတီဝင် H.E.Mr. Nguyen Thanh Chin၊ ဟိုချီမင်းမြို့ မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Dam Trung Bac၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းလှိုင်နှင့် သံရုံးဝန်ထမ်းများက Tan Son Nhat လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် သင်္ဂဟဟိုတယ်၌ ကျင်းပသည့် ဧရာဟသ်ာဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်နှင့် ထိုင်းနိုင်ငံမှ Sri Trang Agro-Industry Public Company Limited တို့အကြား မွန်ပြည်နယ် မုဒုံမြို့ရှိ အဆင့်မြင့်ရော်ဘာထုတ်လုပ်ရေး စက်ရုံကို အကျိုးတူ ဖက်စပ်ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် Sri Trang Agro-Industry Public Company Limited Executive Director Mr. Veerasith Sinchareonkul နှင့် ဧရာဟသ်ာဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်၏ Managing Director ဦးရဲမင်းအောင်တို့က အမှာစကားပြောကြားပြီး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | Cartoon Series (Go Go Giggle) |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သောပျော်ရွှင်မှု" (အပိုင်း-၆၅) |
| ၁၁း၄၀ | MRTV-4 Stage |
| ၁၂း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်" (အပိုင်း-၆၆) |
| ၁း၁၀ | "ဂရုဏာမိနှင့် အဓိပတိ" တရားတော် [ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)] |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘုရားပေးသောဆု" (အပိုင်း-၃၀) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၁၀ | ရသစုံညွှန်းတမ်းများ |

# ဆက်သွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၉**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် စက်တင်ဘာ ၄ ရက်တွင် ကလောမြို့ အိတ်ချိန်းနှင့် GSM/UMTS စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများအား ဌာနတိုင်းတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် ဝန်ထမ်းများက အလုပ်ကို ပိုမိုကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ဝန်ထမ်းများအားလုံး ပြည်သူတို့၏လိုအပ်ချက်များအား ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ အဆင့်လိုက်တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ စာတိုက်၊ ကြေးနန်းစခန်း၊ အော်တိုအိတ်ချိန်းစခန်းနှင့် GSM ရေဒီယိုစခန်းသစ် တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၅ ရက်တွင် တောင်ကြီးမြို့ စဝ်စံထွန်းဈေး RSU အိတ်ချိန်း၊ GSM/UMTS စခန်းနှင့် အင်းလေးဒေသဟိုတယ်ဇုန်တည်ဆောက်မည့် နေရာသို့ရောက်ရှိပြီး ဆက်သွယ်ရေးကွန်ရက်များ တည်ဆောက်ရာတွင် စနစ်တကျရှိစေရေး မှာကြားခဲ့သည်။

ထို့နောက် ညောင်ရွှေမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် တက်ရောက်အမှာစကားပြောကြားပြီး ဟိုတယ်လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများက ဆက်သွယ်ရေးကဏ္ဍလိုအပ်ချက် တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ညောင်ရွှေမြို့ စာတိုက်ရုံးနှင့် အင်းလေးဒေသဟဲယာရွာမရှိ GSM ရေဒီယိုစခန်းတို့ကို စစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စက်တင်ဘာ ၆ ရက်တွင် ပင်းတယမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ခရိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဆက်သွယ်ရေးကဏ္ဍ လိုအပ်ချက်တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပင်းတယမြို့ စာတိုက်စခန်း၊ အော်တိုအိတ်ချိန်းစခန်းများ၌ စာတိုက်မှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့၏ တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မိမိတို့တာဝန်ယူရသည့် ကဏ္ဍအလိုက် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ပိုမိုကောင်းမွန်သော ဆက်သွယ်မှုစနစ်အား ပြည်သူမှ ရရှိသုံးစွဲနိုင်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်သူကို ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၁၄) သင်တန်းဆင်းစာတမ်းဖတ်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အစီအစဉ်အရ သင်တန်းသားအဖွဲ့လိုက် တာဝန်ခံများက ပြည်သူအများယုံကြည်၊ အားထား၊ လေးစားရသည့် ဝန်ထမ်းများဖြစ်လာစေရေး ပြုပြင်ပြောင်းလဲရမည့်အချက်များစာတမ်း၊ e-Government ကို အကောင်အထည်ဖော်ခြင်းစာတမ်း၊ မိမိဌာနတိုးတက်စေရန် လူ့စွမ်းအားအရင်းအမြစ်များတိုးတက်စေရေး အသုံးချခြင်းစာတမ်းများကို ဖတ်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သင်တန်းသားများ၏ ရေးသားတင်သွင်းသည့် စာတမ်းများမှာ နိုင်ငံတော်၏ တတိယအဆင့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုက်ရိုက်အထောက်အကူပြုပတ်သက်ပါကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုတတိယအဆင့်တွင် ဒီမိုကရေစီနိုင်ငံတော်အတွက် ခိုင်မာမှန်ကန်သည့် အုတ်မြစ်များ ချမှတ်နိုင်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဌာနမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များအား ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အဆင်ပြေအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးမှာ ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားပြီး ယုံကြည်ချက်၊ ခံယူချက်များ ပြည့်ဝနေစေရန် အရေးကြီးပါကြောင်း၊ မိမိလုပ်ငန်းအား တာဝန်သိသိဖြင့် ပြည်သူအပေါ် အလုပ်အကျွေးပြုရမည့် တာဝန်ရှိမှု၊ လုပ်ငန်းအပေါ် အပြည့်အဝတာဝန်ခံမှုများဖြင့် အချင်းချင်း စည်းလုံးညီညွတ်စွာ ပေါင်းစပ်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ အထက်အောက် အပြန်အလှန်နားလည်ယုံကြည်မှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ ဌာန၏ဥပဒေလုပ်ထုံးလုပ်နည်း ကျွမ်းကျင်ပိုင်နိုင်မှု၊ လုပ်ငန်းအပေါ် ထိုးထွင်းကြံဆဆောင်ရွက်မှုတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြို့နယ်မှူးအဆင့် အရာထမ်းများသည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ကာ ဌာန၏ လုပ်ငန်းများ ရှေ့တန်းကျကျဆောင်ရွက်ရသူများဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ တိုးတက်ပြောင်းလဲနေသော အခြေအနေများကို မျက်ခြည်ပြတ်မခံဘဲ လေ့လာဆည်းပူးလျှင်အရည်အသွေးပြည့်ဝသော ဝန်ထမ်းများဖြစ်စေရေးအတွက် လက်ဆင့်ကမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ခေတ်နှင့်အညီ အစဉ်တိုးတက်ပြောင်းလဲနေသော ဝန်ကြီးဌာနအဖြစ် ရပ်တည်ကာ ပြည်သူကို ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်း

**တာချီလိတ် စက်တင်ဘာ ၉**

စက်တင်ဘာ ၆ ရက်ကဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုကြောင့် ချောင်းရေနစ်မြုပ်ခံခဲ့ရသော တာချီလိတ်မြို့ပေါ် (၈)ရပ်ကွက်မှ အိမ်ထောင်စု ၁၀၇၉ စု၊ လူဦးရေ ၄၁၀၉ ဦးတို့အတွက် ပြန်လည်ထူထောင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများအား ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့်စေတနာရှင်ပြည်သူများ၏ အစီအစဉ်ဖြင့် ပြည်ထောင်စုအစိုးရမှ ဆန်၊ ကျား/မလုံချည်၊ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါများ၊ ရှမ်းပြည်နယ်အစိုးရမှ ဆန်နှင့် သောက်ရေသန့်၊ စေတနာရှင်ပြည်သူများက ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥ၊ လုံချည်များအပါအဝင် ထောက်ပံ့ရေးပစ္စည်းများအား စက်တင်ဘာ ၆ ရက်မှ စတင်ကာ ရပ်ကွက်အလိုက်ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းမှုအား တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များက စနစ်တကျ စာရင်းပြုစုကာ ထောက်ပံ့လှူဒါန်းပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များအား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မောင်ယဉ်ကျေး)**

# အမှုထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**အောင်လံ စက်တင်ဘာ ၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို ဇုန်သုံးဇုန်အဖြစ် ဂန့်ဂေါသစ်ထုတ်ရေးဒေသရုံး၊ မင်းဘူးသစ်ထုတ်ရေးဒေသရုံးနှင့် တောင်တွင်းကြီးသစ်ထုတ်ရေးဒေသ အောင်လံမြို့တို့၌ ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်ခဲ့သည်။

အောင်လံမြို့နယ် သစ်ထုတ်ရေးရုံး၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းဖွင့်ပွဲတွင် ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် အဖွင့်အမှာစကားပြောကြားပြီး မန်နေဂျာဦးဝင်းနိုင်၊ လက်ထောက်မန်နေဂျာများဖြစ်ကြသော ဦးနိုင်အောင်ဝင်း၊ ဦးမြင့်အောင်တို့က သင်တန်းများ ပို့ချခဲ့သည်။

အဆိုပါ သင်တန်းများသို့ မြန်မာ့သစ်လုပ်ငန်း မကွေးတိုင်းဒေသကြီးရှိ ဒုတိယအထွေထွေမန်နေဂျာရုံးဝန်ထမ်းများ၊ ဂန့်ဂေါသစ်ထုတ်ရေးဒေသ၊ မင်းဘူးသစ်ထုတ်ရေးဒေသ၊ တောင်တွင်းကြီးသစ်ထုတ်ရေးဒေသ၊ သရက်သစ်ထုတ်ရေးဒေသတို့မှ ရုံးဝန်ထမ်း၊ တောဝန်ထမ်း၊ ယာဉ်/ယန္တရားဝန်ထမ်း၊ ဆင်ဝန်ထမ်း စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချသွားမည်

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် (အခြားအဆင့်) ဆင့်ပွားသင်တန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းတွေမှာ ပြည်သူနဲ့ ရဲတပ်ဖွဲ့ရဲ့ ဆက်ဆံရေးအပိုင်းတွေကို အဓိကထားပြီး သင်ကြားပေးမှာပါ၊ ပြည်သူနဲ့ရဲ တစ်သားတည်း ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြုလုပ်တာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကြည်က ပြောသည်။

ယင်းကဲ့သို့ သင်တန်းကို မရမ်းကုန်းမြို့နယ် (မြို့မ)ရဲစခန်းတွင် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ သင်ကြားပို့ချလျက်ရှိပြီး အဆိုပါသင်တန်းတွင် မဏ္ဍိုင်ကြီး(၅)ရပ်ကို ကိုယ်စားပြုသည့် သင်ခန်းစာများကို သင်တန်းသား ဗဟိုပြုစနစ်ဖြင့် သင်ကြားပို့ချနေကြောင်း သင်တန်းဆရာ ရဲအုပ်စိုးကျော်စွာက ပြောသည်။

EU (European Union) အဖွဲ့အနေဖြင့် ပထမဆုံးပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်သင်တန်းကို စတင်ပို့ချခဲ့ပြီးနောက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်ရဲတပ်ဖွဲ့အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် ဆင့်ပွားသင်တန်းများကို ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁၃ မြို့နယ်တို့တွင် သင်ကြားပို့ချပေးနိုင်ခဲ့ပြီး ကျန်မြို့နယ်များကိုလည်း ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၃၇)**



# ကျွန်းလှမြို့၌ မြေသားရေလှောင်ကန်တူးဖော်ပြီးစီး

**စစ်ကိုင်း စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တောင်ယာဆိပ်ကျေးရွာအုပ်စုတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ်သိန်း ၁၅၀ ဖြင့် ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး-၄မှ တူးဖော်ခဲ့သော မြေသားရေလှောင်ကန်တူးဖော်ပြီးစီးကြောင်း သိရသည်။**(အပေါ်ပုံ)**

တောင်ယာဆိပ်ကျေးရွာအုပ်စုရေကန်၌ ဩဂုတ်လတွင် ရွာသွန်းသောမိုးကြောင့် ရေများရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်ရန်ပုံငွေဖြင့် ကျေးရွာအတွင်း ရေပေးဝေနိုင်ရန် ရေစင်တည်ဆောက်ပြီး ဂါလန် ၂၀၀၀ ကျော်ဆံ့ ရေကန်ပြုလုပ်ခြင်း၊ ရေတင်စက်တပ်ဆင်ပေးခြင်း၊ ရေလှောင်ကန်လေးကန်နှင့် ရွာအတွင်းရေပိုက်လိုင်းသွယ်တန်းပေးခြင်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း ကျေးရွာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ကျေးရွာမှာ ရေတွင်းတူးကြပေမဲ့လည်း ရေကောင်းမထွက်ရှိလို့ ရွာထိပ်ရေကန်ကိုသာ အားကိုးနေရပါတယ်။ ယခုအခါ ရေကန်တွင် ရေများရရှိနေပြီဖြစ်ရာ ရွာအတွင်းသွယ်ထားသောရေပိုက်လိုင်းမှ အိမ်တစ်အိမ်လျှင် ရေငုတ်တိုင်များဆောင်ရွက်ပေးထား၍ ရေခပ်ရသက်သာပြီး သောက်သုံးရေဖူလုံစွာရရှိတော့မယ်" ဟု ကျေးရွာသားတစ်ဦးက ပြောပြသည်။

အဆိုပါ သောက်သုံးရေဖူလုံစွာရရှိစေရန် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ကျန်းမာရေးဆေးကုသပေးမှုများ ကွင်းဆင်းဆောင်ရွက်

**ကာမိုင်း စက်တင်ဘာ ၉**

ကချင်ပြည်နယ် ကာမိုင်းမြို့ ဂေါ်ရီကျေးရွာအုပ်စု မန်ဒင်ကျေးရွာဘုရားရှိခိုးကျောင်း၌ ဂျပန်ဦးနှောက်အမြေးရောင်ရောဂါ ဖြစ်ပွားမှုများမရှိစေရန် ကြိုတင်ကာကွယ်ရေးအတွက် စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် ကားမိုင်းမြို့တာဝန်ခံ ဒေါက်တာသူရိန်ထွန်းက ဟောပြောခဲ့ပြီးနောက် ဒေသခံပြည်သူများအား ဂေါ်ရီကျေးရွာဆေးပေးခန်း၌ အခမဲ့ဆေးကုသပေးခဲ့သည်။

ထို့ပြင် ကာမိုင်းမြို့ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများဖြစ်ကြသော ကျန်းမာရေးကြီးကြပ်(၁)ဦးစောရောဘီ၊ ကြီးကြပ်(၂) ဦးအောင်ကြည်လေး၊ အမျိုးသမီးကျန်းမာရေးကြီးကြပ်ဆရာမ ဒေါ်စန္ဒာဝင်းနှင့် သားဖွားဆရာမ ဒေါ်ခင်မိုးကြည်တို့ကလည်း ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေ၊ သံချဆေးများတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင်အားဆေးများတိုက်ကျွေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများကို အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ဥတုရာသီ တောကိုမှိ၏

# မြန်မာ-ဂျပန် သံတမန်ဆက်သွယ်မှုတည်ထောင်ခြင်း နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဂျပန်ကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာ-ဂျပန် သံတမန်ဆက်သွယ်မှုတည်ထောင်ခြင်း နှစ်(၆၀)ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ၌ ဘဏ်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသည့် The Bank of Tokyo-Mitsubishi UFJ, Ltd(BTMU) က ဂျပန်နိုင်ငံနှင့် စင်ကာပူ၊ ထိုင်း၊ မလေးရှားနိုင်ငံများရှိ ဂျပန်ကော်ပိုရေးရှင်းနှင့် ကုမ္ပဏီပေါင်း ၁၄ ခုမှ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်ခဲ့သည်။

ဂျပန်ကိုယ်စားလှယ်များအား စီးပွားရေးမိတ်ဆက်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိရင်းနှီးမြှုပ်နှံမှုအခြေအနေများကို ရှင်းလင်းစွာသိမြင်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် Japan External Trade Organization(JETRO)တို့မှ ကိုယ်စားလှယ်များက စီးပွားရေးမိတ်ဆက်ခြင်းကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဂျပန်ကိုယ်စားလှယ်အဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန်၊ မင်္ဂလာဒုံစက်မှုဇုန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် စီဘီဘဏ်များသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

BTMU သည် ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့၌ ရုံးခန်းဖွင့်လှစ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ ဘဏ်ခွဲများနှင့် ချိတ်ဆက်ထားသည့် ကုမ္ပဏီများကို ဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အာရှနိုင်ငံများတွင်လည်း တိကျသော ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို အသုံးပြု၍ အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

ပြည်တွင်းရေးရာ

# ရခိုင်ပြည်နယ်နှင့် နိုင်ငံတော်ဓာတ်အားစနစ်အကြောင်း တစေ့တစောင်း

နည်းပညာဖွံ့ဖြိုးမှုလျင်မြန်စွာမြင့်မားတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးသည် မရှိမဖြစ်လိုအပ်လျက်ရှိသည်။ ယနေ့နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းရှိပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် နည်းမျိုးစုံ၊ ကဏ္ဍအဖုံဖုံဖြင့် အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများနှင့်တွေ့ဆုံမေးမြန်းနိုင်ခဲ့သမျှ ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

**ဦးရဲတိုးသွင် [စီမံကိန်းညွှန်ကြားရေးမှူး၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း)]**

ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ မြို့ ရွာတွေကို ဓာတ်အားရရှိဖို့အတွက် ၂၃၀ ကေဗွီဓာတ်အားလိုင်းတွေ၊ ၆၆ ကေဗွီဓာတ်အားလိုင်းတွေ၊ ၆၆ ကေဗွီဓာတ်အားခွဲရုံတွေကို တာဝန်ယူတည်ဆောက်သွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားက ရောက်ရှိခြင်းမရှိသေးပါဘူး။ ဒီဇယ်ဓာတ်အားပေးစက်တွေ၊ ရေအားလျှပ်စစ်စက်အသေးစားလေးတွေနဲ့ ဓာတ်အားပေးနေပါတယ်။ နိုင်ငံတော်ကလည်း ရခိုင်ပြည်နယ်ကို နိုင်ငံတော်ဓာတ်အားပေးစနစ်ကနေ ဓာတ်အားတွေကို ရောက်ရှိစေချင်ပါတယ်။

ဒါကြောင့်လည်း ပြည်တွင်းပြည်ပငွေကြေးတွေအကုန်ကျခံသုံးစွဲပြီး ၂၃၀ ကေဗွီဓာတ်အားလိုင်း ခြောက်လိုင်း ၊ ၂၃၀ ကေဗွီဓာတ်အားခွဲရုံ လေးရုံ၊ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၂ လိုင်း၊ ၆၆ ကေဗွီဓာတ်အားခွဲရုံ ၁၄ ရုံကို တည်ဆောက်သွားမှာဖြစ်ပါတယ်။ လက်ရှိကတော့ ဓာတ်အားစနစ်က ပြည်မြို့တစ်ဖက်ကမ်းမှာရှိတဲ့ ဥသျှစ်ပင်ကိုရောက်ရှိနေပြီဖြစ်ပါတယ်။ အဲဒီဓာတ်အားစနစ် ရခိုင်ပြည်နယ်ကိုရောက်ရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ ဥသျှစ်ပင်ကနေ တောင်ကုတ်ဓာတ်အားခွဲရုံကို ၂၃၀ ဓာတ်အားလိုင်းတည်ဆောက်ပြီးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လကတည်းက ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ တောင်ကုတ်ကနေတစ်ဆင့် ရခိုင်ပြည်နယ်တောင်ပိုင်းကို ၂၃၀ ကေဗွီဓာတ်အားလိုင်း တစ်လိုင်းနဲ့ မြောက်ပိုင်းကို ၂၃၀ ကေဗွီဓာတ်အားလိုင်း နှစ်လိုင်းသွယ်တန်းပြီး ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့မြို့ရွာတွေကို ဓာတ်အားပို့လွှတ်သွားမှာဖြစ်ပါတယ်။ ပဏာမအနေနဲ့ ဩဂုတ် ၂၈ ရက်မှာ တောင်ကုတ်ကနေ အမ်းမြို့အထိ ၂၃၀ ကေဗွီဓာတ်အားလိုင်းရောက်ရှိသွားပြီဖြစ်ပါတယ်။ အမ်း ၂၃၀ ကေဗွီဓာတ်အားခွဲရုံကြီးလည်း တည်ဆောက်ပြီး ဓာတ်အားပို့လွှတ်နေပြီဖြစ်ပါတယ်။ သံတွဲမြို့ကိုလည်း ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ တောင်ကုတ်ကနေ ရခိုင်ပြည်နယ်တောင်ပိုင်း ကျောက်ဖြူ မတဲကျွန်းစတဲ့ မြို့တွေကို ဓာတ်အားပို့လွှတ်ရေးတောင်ပိုင်းအနေနဲ့ ဓာတ်အားရရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



ဦးရဲတိုးသွင်



ဦးမင်းနိုင်

ကျွန်တော်တာဝန်ယူရတဲ့ ဓာတ်အားပို့လွှတ်ရေးမြောက်ပိုင်းအနေနဲ့ အမ်း၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း ၁၁၅ မိုင်ကို ၂၃၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်သွားမှာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာတော့ ၄၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးသွားပြီဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလဆန်းမှာ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံကနေတစ်ဆင့် ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦး၊ ကျောက်တော် စတဲ့မြို့တွေကို ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် သတ်မှတ်ချိန်အမီ ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းတွေကို အပူတပြင်းဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ တာဝန်ယူတည်ဆောက်နေတဲ့အပိုင်းနဲ့ပတ်သက်လို့ စီမံကိန်းမန်နေဂျာရုံး သုံးရုံးဖွင့်ပြီး အချိန်နဲ့တစ်ပြေးညီတည်ဆောက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ရာသီဥတုကြောင့် ကျန်းမာရေးချို့ယွင်းမှုတွေ၊ အခက်အခဲတွေရှိခဲ့ပေမယ့် တည်ဆောက်ရေးလုပ်ငန်းတွေကို မရပ်တန့်ဘဲ တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးမင်းနိုင် [အင်ဂျင်နီယာမှူးကြီး၊ စီမံကိန်းမန်နေဂျာ- ၁ ဓာတ်အားပို့လွှတ်ရေး (မြောက်ပိုင်း)]**

ကျွန်တော့်ရဲ့တာဝန်ကတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းတွေကို အနီးကပ်ကြီးကြပ်ကွပ်ကဲရပါတယ်။ မြောက်ပိုင်းမှာ မအီကနေ အမ်းကို ၂၃၀ ကေဗွီဓာတ်အားလိုင်း ၃၆ ဒသမ ၅ မိုင်တည်ဆောက်ခြင်း၊ အမ်းကနေ မြောက်ဦး၊ ပုဏ္ဏားကျွန်း ၂၃၀ ကေဗွီဓာတ်အားလိုင်း ၁၁၅ ဒသမ ၇၃ မိုင် တည်ဆောက်ခြင်းဖြစ်ပါတယ်။ အမ်းပင်မဓာတ်အားခွဲရုံနဲ့ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံဆိုပြီး ၂၃၀ ကေဗွီဓာတ်အားခွဲရုံတွေတည်ဆောက်သွားမှာဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းကနေ စစ်တွေကို ၆၆ ကေဗွီဓာတ်အားလိုင်း နှစ်လိုင်းနဲ့ ဓာတ်အားလိုင်းသွယ်တန်းပြီး ဖြန့်ဖြူးသွားမှာဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းပင်မခွဲရုံကနေ ကျောက်တော်နဲ့မြောက်ဦးကို ၆၆ ကေဗွီဓာတ်အားလိုင်းတစ်လိုင်းစီနဲ့ အနီးအနား ပတ်ဝန်းကျင်မြို့တွေ အပါအဝင်ဖြန့်ဖြူးသွားမှာ ဖြစ်ပါတယ်။

ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းတွေကို ၂၀၁၃ ဇန်နဝါရီ ၁ ရက်ကတည်းက စတင်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်ရဲ့မြေမျက်နှာသွင်ပြင်အရ တောင်ကုန်း တောင်တန်းတွေထူထပ်ပြီး ဒီရေတောတွေများပြားပါတယ်။ ဒါကြောင့် လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ အခက်အခဲတွေအမျိုးမျိုးကြုံတွေ့ခဲ့ရပေမယ့် အောင်မြင်အောင်ဆောင်ရွက်မယ်ဆိုတဲ့ စိတ်ခွန်အားတွေနဲ့ တည်ဆောက်လျက်ရှိပါတယ်။

**ဦးသူရအောင်ဘို (အင်ဂျင်နီယာမှူးကြီး၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ)**

ရခိုင်ပြည်နယ် နိုင်ငံတော်ဓာတ်အားစနစ်မရောက်မီ ၁၉၅၀ ခုနှစ်လောက်ကတည်းက ဒီဇယ်ဓာတ်အားပေးစက်တွေ၊ စပါးခွံဓာတ်အားပေးစက်တွေနဲ့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဓာတ်အားဖြန့်ဖြူးတယ်ဆိုတဲ့နေရာမှာ နိုင်ငံတော်ရဲ့ဆီခွဲတမ်းအရ တစ်နေ့ကို လေးနာရီပေးပြီး တချို့မြို့တွေမှာ မီးလင်းရေးကော်မတီနဲ့ပူးပေါင်းပြီး ပူးပေါင်းအဖွဲ့ရဲ့ မီးပေးချိန်အတိုင်း လျှပ်စစ်မီးပေးပါတယ်။ ဇွန် ၅ ရက်မှာ ပထမဆုံးနိုင်ငံတော်ဓာတ်အားစနစ်နဲ့ သံတွဲမြို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ဇွန် ၁၂ ရက်မှာ တောင်ကုတ်မြို့နဲ့ အခုအမ်းမြို့ကို ဓာတ်အားတွေဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတော်ဓာတ်အားစနစ်နဲ့ဖြန့်ဖြူးတဲ့အတွက် ရိုးရိုးအိမ်သုံးမီတာဆိုရင် ၃၅ ကျပ်နှုန်း၊ စက်မှုသုံးမီတာဆိုရင် ၇၅ ကျပ်နှုန်းဖြင့် အလွှာလိုက်စနစ်နဲ့ ဌာနနှုန်း ကောက်ခံပါတယ်။ ရခိုင်ပြည်နယ်မှာ နိုင်ငံတော်ဓာတ်အားလိုင်းဝင်လာပြီး ဓာတ်အားစနစ်တွေ သယ်ယူလာတာနဲ့အမျှ ဖြန့်ဖြူးရေးအပိုင်းတွေကိုလည်း ဟန်ချက်ညီလုပ်ဆောင်ဖို့လိုအပ်ပါတယ်။ လက်တွေ့လည်းလုပ်ဆောင်နေပါတယ်။ ဒီဇင်ဘာလမှာ နိုင်ငံတော်ဓာတ်အားစနစ်ကနေ ဓာတ်အားတွေရရင် စစ်တွေမြို့အပါအဝင် အချို့ကျေးရွာတွေကိုပါ ဓာတ်အားသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဖြန့်ဖြူးရေးအပိုင်းအတွက် လုပ်ငန်းစုစုပေါင်း ၇၇ မျိုးဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် ဓာတ်အားသယ်ယူပို့ဆောင်ရေးအပိုင်းက အားကြိုးမာန်တက်ဆောင်ရွက်နေသလို ဖြန့်ဖြူးမှုအပိုင်းကလည်း ဟန်ချက်ညီညီဆောင်ရွက်နေပါတယ်။ အစွမ်းကုန်လည်း ဆောင်ရွက်နေပါတယ်။ ဓာတ်အားသုံးစွဲမှုမြင့်မားလာနိုင်တာနဲ့အမျှ လျှပ်စစ်ဘေးအန္တရာယ်ကင်းအောင်လည်း စီမံချက်နဲ့ဆောင်ရွက်နေပါတယ်။ ဓာတ်အားပျောက်ဆုံးမှုမရှိအောင် အကာအကွယ်ပါတဲ့ ဝါယာကြိုးတွေအသုံးပြုပြီး ဓာတ်ကြိုးနဲ့မလွတ်တဲ့အပင်တွေကိုလည်း ခုတ်ထွင်ရှင်းလင်းနေပါတယ်။ ။

မင်းမင်းဇော်(သတင်းစဉ်)



# မကြာမီထွက်ရှိလာမည့် One Direction ၏ FOUR အယ်လ်ဘမ်သစ်

**အမျိုးသားပေါ့ပ်ဂီတအဖွဲ့ One Direction သည် ယခုနှစ်ဧပြီလအတွင်းက ၎င်းတို့၏စတုတ္ထမြောက် အယ်လ်ဘမ်အတွက် ကြိုးပမ်းနေကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ယခု စက်တင်ဘာ ၈ ရက်တွင် အဆိုပါ အယ်လ်ဘမ်သစ်ကို FOUR ဟု အမည်ပေးထားပြီး နိုဝင်ဘာ ၁၇ ရက်တွင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း တရားဝင် ထုတ်ဖော်ကြေညာခဲ့သည်။**



"အယ်လ်ဘမ်သစ်ရဲ့ အမည်ကို ကြေညာရတဲ့အချိန်မှာ အရမ်းစိတ်လှုပ်ရှားရပါတယ်။ ဒီအယ်လ်ဘမ်အတွက် သီချင်းရေးတဲ့အပိုင်းမှာရော၊ အသံသွင်းတဲ့အပိုင်းမှာပါ ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားထားပါတယ်"ဟု One Direction အဖွဲ့က ၎င်းတို့၏ဝက်ဘ်ဆိုက်တွင်ရေးသားဖော်ပြခဲ့သည်။ One Direction အဖွဲ့သည် အယ်လ်ဘမ်သုံးခု ထွက်ရှိခဲ့ပြီးဖြစ်ကာ ယင်းအယ်လ်ဘမ်သုံးခုလုံးသည် အမေရိကန် ဘီလ်ဘုတ်စာရင်းများတွင် အမြဲတမ်းလိုလို နံပါတ်တစ်နေရာတွင်ရပ်တည်နိုင်ခဲ့သည်။

*မျိုးစန္ဒာမောင် - စုစည်းသည်*

## သည်းထိတ်ရင်ဖို မှုခင်းဇာတ်ကားသစ်တွင် မြင်တွေ့ရမည့် ဂျူလီယာရောဘတ်



ဟောလိဝုဒ်၏စူပါစတားမင်းသမီးနှင့် ထုတ်လုပ်သူတစ်ဦးဖြစ်သည့် ဂျူလီယာရောဘတ်အား အင်္ဂလိပ်စာတန်းထိုး အာဂျင်တီးနားသည်းထိတ်ရင်ဖိုမှုခင်းဇာတ်ကားသစ် The Secret In Their Eyes တွင် အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

ထို့အပြင် ၂၀၀၉ ခုနှစ်က ထွက်ရှိခဲ့သည့် ယင်းအမည်တူဇာတ်ကားကိုပြန်လည်ပုံဖော်ထားသည့် အဆိုပါဇာတ်ကားသစ်တွင် ဟောလိဝုဒ်မင်းသမီး Gwyneth Paltrow နှင့် ဗြိတိန်မင်းသား Chiwetel Ejiofor တို့လည်း ပါဝင်ကြမည်ဖြစ်ကာ မင်းသမီး ဂျူလီယာက သမီးဖြစ်သူအသတ်ခံခဲ့ရသည့် မိခင်တစ်ဦးနေရာတွင် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။



## စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်

**စစ်တွေ စက်တင်ဘာ ၉**

စစ်တွေမြို့တွင် လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကွင်းဆင်းအရာရှိဒေါက်တာကျော်သာစိန်ဦးစီးသည့် နေပြည်တော်နှင့် ချင်းပြည်နယ်တို့မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်တွေမြို့ မဟာဇေယျသိဒ္ဓိအဓိဌာန်သိမ်တော်ကြီး ပန်းလဲလှယ်ရေးနှင့် သန့်ရှင်းရေးအဖွဲ့ ခေါင်းဆောင် ဦးစိုးဝင်းနိုင်ဦးစီးသည့် အဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် စစ်တွေ မြို့ လောကနန္ဒာစေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်းနှင့် ရင်ပြင်တော်၌ သန့်ရှင်းရေးဆောင်ရွက်၍ ကုသိုလ်ယူကြကြောင်း သိရသည်။

ဆက်လက်၍ ကွင်းဆင်းအရာရှိနှင့်အဖွဲ့သည် စစ်တွေမြို့ မဟာဇေယျသိဒ္ဓိအဓိဌာန်သိမ်တော်ကြီးတွင် ရဟန်းသံဃာတော်များ၊ သီလရှင်များနှင့် တရားစခန်းဝင်နေသော လူပုဂ္ဂိုလ်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ညနေ ၄ နာရီခွဲမှ ၆ နာရီအထိ ဆောင်ရွက်ပေးကြောင်း သိရသည်။ ထိုသို့လောကနန္ဒာစေတီတော်မြတ်ကြီးတွင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ငရုတ်ကောင်း စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့နယ်ခွဲအတွင်းရှိ မိုးတိမ်မျှင်ကျေးရွာအုပ်စု ဆင်မှုံကျေးရွာတွင် တောင်ကျချောင်းရေ တိုက်စားခြင်းကြောင့် လူနေအိမ် ၁၀ လုံးခန့်ပျက်စီးသွားခဲ့သည်။ ထိုရေဘေးသင့် ရွှေ့ပြောင်းနေအိမ်များအတွက်ပြည်သူ့လွှတ်တော်မှထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ဆင်မှုံဘုန်းကြီးကျောင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်က အမှာစကားပြောကြားပြီး ရေဘေးသင့် ရွှေ့ပြောင်းနေအိမ် ၁၀ လုံးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်၊ ငရုတ်ကောင်းမြို့ အုပ်ချုပ်ရေးမှူးဦးမျိုးလင်းအောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် တောင်ကျချောင်းရေကြောင့် ပျက်စီးသွားခဲ့သော နေရာများသို့ လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**


# အများသိစေရန် ကြေညာခြင်း

India, New Delhi, Janakpuri Community Centre , C-8 & C-9 တွင် တည်ရှိသော Luminous Power Technologies Private Limited မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းပိုင်ဆိုင်အဖြစ် အသုံးပြုနိုင်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။

LUMINOUS

IV - ၃၇၅၇/၂၀၁၄ (၅-၈-၁၄)

အထက်ဖော်ပြပါ "LUMINOUS" အမှတ်တံဆိပ်ဖြင့်ထုတ်လုပ်သော ဘက်ထရီ၊ ဆိုလာပြား၊ ဆိုလာပြားနှင့်ဆက်စပ်သောပစ္စည်းများ၊ Inverter (အင်ဗာတာ) အောက်လုပ်ငန်းသုံးပစ္စည်းများ ကုန်မာပစ္စည်းများအား မြန်မာနိုင်ငံရှိ "စီတိုင်းကျော်ကုမ္ပဏီလီမိတက်" မှ တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။

Luminous Power Technologies Private Limited ပိုင် "LUMINOUS" အမှတ်တံဆိပ်နှင့် ပတ်သက်၍ တစ်ဦးတည်းပိုင်ဆိုင်အဖြစ် တင်သွင်းခွင့်ရရှိထားသော စီတိုင်းကျော်ကုမ္ပဏီလီမိတက်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖြန့်ချိခွင့်ပြုမထားပါကြောင်းနှင့် အတုအယောင်များအား သုံးစွဲခြင်းမပြုလုပ်ပါရန်နှင့် ပြုလုပ်ကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။


လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းဇော် LL.B, D.B.L. D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၃၁)

ဦးသန်းညို (စဉ်-၇၂၄၇၁)
ဦးဟိန်းသူအောင် (စဉ်-၄၆၂၆၇)
ဦးကောင်းမြတ်ဇော် (စဉ်-၃၇၂၂၅)

အထက်တန်းရှေ့နေများ
အမှတ် (၄၆) ပထမထပ် (ဝ)၊ မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# ခရိုအေးရှား တင်းနစ်အကျော်အမော် မာရင်စီလစ် ဂရင်းဆလင်းတင်းနစ်ဖလား ပထမဆုံးအကြိမ် ဆွတ်ခူး

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲအဖြစ် နယူးယောက်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ ခရိုအေးရှားတင်းနစ်အကျော်အမော် မာရင်စီလစ်က ဂျပန်တင်းနစ်ကစားသမား နီရှီကိုရီအား အနိုင်ရရှိကာ အမေရိကန်အိုးပင်းတင်းနစ်ဖလားဆွတ်ခူးနိုင်ခဲ့သည်။



မာရင်စီလစ်သည် နီရှီကိုရီအား ၆-၃၊ ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိကာ အမေရိကန်အိုးပင်းတင်းနစ်ဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ပထမဆုံးအကြိမ်အဖြစ် ဂရင်းဆလင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည့်မှတ်တမ်းလည်း ဝင်လာခဲ့သည်။

ဂျပန်တင်းနစ်ကစားသမား နီရှီကိုရီကမူ ၎င်းအနေဖြင့် ယခုပွဲစဉ်တွင် အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့ကြောင်း၊ အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် ကစားဖို့ပြင်ဆင်ရန်လိုအပ်နေသေးကြောင်းနှင့် ပထမဆုံးအကြိမ်အဖြစ် ပထမဆုံးအကြိမ် ဂရင်းဆလင်းတင်းနစ်ဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည့်အတွက်လည်း ပျော်ရွှင်မိကြောင်း မာရင်စီလစ်အား ရှုံးနိမ့်ခဲ့ပြီးနောက် ပြောကြားခဲ့သည်။

ခရိုအေးရှားတင်းနစ်ကစားသမား မာရင်စီလစ်သည် ယခုအမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် ဂျပန်တင်းနစ်ကစားသမား နီရှီကိုရီအား အနိုင်ရရှိခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့်(၉)နေရာသို့ တက်လှမ်းလာမည်ဖြစ်ပြီး အသက်(၂၄)နှစ်အရွယ်ရှိ နီရှီကိုရီမှာမူ ကမ္ဘာ့အဆင့်(၈)နေရာသို့ တက်လှမ်းလာလိမ့်မည် ဖြစ်ကြောင်း သိရသည်။

**[ငွေကြယ်]**



# ဒီမာရီယာ၊ ဖယ်လ်ကာအိုတို့နှင့်အတူ ရေရှည်တွဲမကစားနိုင်ကြောင်း ဗန်ပါစီဖွင့်ဟ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဒီမာရီယာ၊ ဖယ်လ်ကာအို၊ လုခ်ရှော၊ ဟာရဲရား၊ ရိုဂျိုနှင့် ဘလိုင်းတို့ကို ခေါ်ယူကာ ပြောင်းရွှေ့ကြေးပေါင် သန်း ၁၅၀ အထိ အသုံးပြုထားခဲ့သည်။

မန်ယူအသင်း ခေါ်ယူခဲ့သည့် ကစားသမားသစ်များထဲတွင် ဒီမာရီယာနှင့် ဖယ်လ်ကာအိုတို့မှာ ကမ္ဘာ့အဆင့်ရှိ ကစားသမားများဖြစ်ကြောင်း မန်ယူတိုက်စစ်မှူး ဗန်ပါစီက ဖွင့်ဟပြောကြားခဲ့ပြီး ၎င်းအနေဖြင့် မန်ယူအသင်းသို့ ဈေးကြီးကြီးဖြင့် ရောက်ရှိလာခဲ့သည့် ကစားသမားသစ်များနှင့် ရေရှည်တွဲကစားမည်မဟုတ်ကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ယူအသင်းသည် လုခ်ရှော၊ ဟာရဲရား၊ ရိုဂျိုနှင့် ဘလိုင်းတို့ကို ဈေးကြီးပေးမခေါ်ခဲ့ရသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဒီမာရီယာကိုမူ ဗြိတိန်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တိုက်စစ်မှူး ဖယ်လ်ကာအိုကိုလည်း အပြောင်းအရွှေ့ရာသီပိတ်သိမ်းသည့် ရက်တွင် တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားခဲ့သည်။ အဆိုပါကစားသမားများအနက် ဒီမာရီယာနှင့် ဟာရဲရားတို့မှာ မန်ယူအသင်းနှင့်အတူ စတင်ပွဲထွက်ကစားခဲ့ကြပြီးဖြစ်သည်။ လုခ်ရှောသည် ဒဏ်ရာပြဿနာကြောင့်လည်းကောင်း၊ ရိုဂျိုမှာ ဗြိတိန်အလုပ် ပါမစ်အခက်အခဲကြောင့်လည်းကောင်း ပွဲထွက်ကစားထားခြင်း မရှိသေးပေ။

သို့ရာတွင် ဖယ်လ်ကာအို၊ ရိုဂျိုနှင့် ဘလိုင်းတို့သည် စက်တင်ဘာ ၁၄ ရက်တွင် ကျူပီအာနှင့် ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ယူအသင်းနှင့်အတူ စတင်ပွဲထွက်လာနိုင်မည်ဖြစ်သည်။ မည်သို့ဆိုစေ တိုက်စစ်မှူး ဗန်ပါစီကမူ မန်ယူအသင်းခေါ်ယူထားခဲ့သည့် ကစားသမားသစ်များနှင့် ရေရှည်တွဲဖက်ကစားရန် ရည်ရွယ်ထားခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားထားသည်။ **[ငွေကြယ်]**

# မြို့နယ်ပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲကျင်းပ

**စစ်တွေ စက်တင်ဘာ ၉**

ရခိုင်ပြည်နယ် မြို့နယ်ပေါင်းစုံကရာတေးဒိုပြိုင်ပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက စစ်တွေမြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။ **(ယာပုံ)**





ဆက်လက်၍ ကီလိုတန်းအလိုက် ကရာတေးဒိုအားကစားပြိုင်ပွဲများကို စက်တင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ကရာတေးဒိုအားကစားသမား အမျိုးသား၊ အမျိုးသမီး ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲမှ ထူးချွန်အားကစားသမားများသည် အောက်တိုဘာလတွင် ချင်းပြည်နယ် ဟားခါးမြို့၌ ကျင်းပမည့် ချင်းပြည်နယ်ဝန်ကြီးချုပ်ဒိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ကရာတေးဒိုပြိုင်ပွဲသို့ ရခိုင်ပြည်နယ်ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**









**သွင်းကုန်ပါမစ်မူရင်းနှင့် B/Lမူရင်းပျောက်ဆုံးကြောင်း**

ကျွန်တော်များ SEIN YATANAR NARYAY KUNYIHMU AHTHINNသည် IP 3/14-15/ 0543(19-6-2014)ဖြင့် ပါမစ်လျှောက်ထားခဲ့ရာ ၈-၉-၂၀၁၄ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် သွင်းကုန်ပါမစ်မူရင်းနှင့် B/L No. NYKS 005193534 မူရင်းအသစ်ပြန်လည်လျှောက်ထားရန်။

ဖုန်း-၀၉-၄၃၁၇၇၉၈၁






# ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် နယ်ကိုယ်စားလှယ်ကတ်မရှိဘဲ အလုပ်သမားများ စုစည်းခေါ်ဆောင်လာသူအား အရေးယူ

**မကွေး စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ဧရာဝတီတံတားအဝိုင်းပတ်တွင် စေတုတ္တရာ-မကွေးယာဉ်လိုင်း(ကြယ်တံခွန်)ယာဉ်အမှတ် 4G/. . . . အား သတင်းအရ စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီခွဲခန့်က ရပ်တန့်စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံသို့ ပို့ဆောင်ရန် စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများမှ အလုပ်သမား ၃၀ အား ခေါ်ဆောင်လာသူနှင့်တကွ စစ်ဆေးတွေ့ရှိရပြီး ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင် နယ်ကိုယ်စားလှယ်ကတ်မရှိဘဲ အလုပ်သမားများ စုစည်းခေါ်ဆောင်လာခြင်းဖြစ်သဖြင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ အရ စုစည်းခေါ်ဆောင်လာသူအား အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ဒုရဲမှူးလှဦးစည် မကွေးလူကုန်ကူးမှု တားဆီးရေးတပ်ဖွဲ့စု၌ တပ်စုမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် Save the Children မှ သတင်းအရ ရဲအုပ်သိန်းမြင့်ထွန်း၊ ဒုရဲအုပ်မျိုးမြင့်ထွန်း၊ ဒုရဲအုပ်ကျော်သူရ၊ ရဲတပ်ကြပ်ကြီးအောင်မြင့်သောင်းတို့နှင့် အတူ မကွေးမြို့ ဧရာဝတီတံတားအဝိုင်းပတ်ထိပ်တွင် မင်းဘူးဘက်မှ မောင်းနှင်လာသော ယာဉ်မောင်းဝင်းကို (၄၇)နှစ် အမှတ်(၂) မြောက် စေတုတ္တရာရပ်ကွက် စေတုတ္တရာမြို့နေသူ မောင်းနှင်လာသည့် အစိမ်းရောင် Mini Bus အမျိုးအစား 4G/. . . . စေတုတ္တရာ-စလင်း-ပွင့်ဖြူ-မင်းဘူး-မကွေး ယာဉ်အား ရပ်တန့်စစ်ဆေးရာ ဇော်မိုး(ခ)စိန်ကျော်လှိုင်က ကျား ၂၃ ဦး၊ မ ခုနစ်ဦး စုစုပေါင်း ၃၀အား ထိုင်းနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကားအပိုပစ္စည်းထုတ်လုပ်သည့် စက်ရုံများတွင် အလုပ်လုပ်ပါက တစ်နေ့လျှင် ထိုင်းနိုင်ငံဘတ်ငွေ ၃၀၀၊ (မြန်မာငွေ ၉၀၀၀ ကျပ်)ရရှိမည်ဟု ပြောဆိုစည်းရုံး၍ ခေါ်ဆောင်လာကြောင်း လိုက်ပါလာသူ အလုပ်သမားထံမှ စစ်ဆေးသိရှိရသဖြင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် အလုပ်သမားစုဆောင်းခွင့်(သို့)နယ်ကိုယ်စားလှယ်ကတ်မရှိဘဲ စုစည်းခေါ်ဆောင်လာသူ ဇော်မိုး(ခ)စိန်ကျော်လှိုင်အား အရေးယူပေးပါရန် ဒုရဲမှူးလှဦးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် မကွေးမြို့နယ် မြို့မရဲစခန်းက (ပ) ၁၆၈/၂၀၁၄ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ အရ အရေးယူထားကြောင်း သိရသည်။

အလုပ်လုပ်ရန် လိုက်ပါလာသူများမှာ စေတုတ္တရာမြို့နယ် စံပြရပ်ကွက် မြေနီကုန်းကျေးရွာ၊ ကြီးအုံကျေးရွာ၊ ပန်းချက်ကျေးရွာ၊ မထိမ်းကျေးရွာတို့မှ ဖြစ်ပြီး အသက်(၁၈)နှစ်မှ (၂၀)နှစ်အတွင်း ကျား လေးဦး၊ မ လေးဦး၊ အသက် (၂၁)နှစ်မှ (၃၇)နှစ်အတွင်း ကျား ၁၉ ဦး၊ မ သုံးဦးတို့ဖြစ်ကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၉**

မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန်အရှေ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၇ ရက်က သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် (၅) လမ်းတွင် တွေ့ရှိသူ ခင်မောင်နှင့် မလွင်လွင်မြင့်တို့အား ရှာဖွေရာ မလွင်လွင်မြင့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀ သိမ်းဆည်းရမိသဖြင့် ခင်မောင် (၅၁) နှစ်နှင့် မလွင်လွင်မြင့် (၄၇)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ စက်တင်ဘာ ၇ ရက်က မူးယစ်တပ်ဖွဲ့စု (၄၉) ပုသိမ်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်မြို့ အမှတ် (၁၄) ရပ်ကွက်နေ မမိုးမိုးအေး၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၀ သိမ်းဆည်းရမိသဖြင့် မမိုးမိုးအေး(၂၃)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ စက်တင်ဘာ ၇ ရက်က မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေးမြောက်ပိုင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ် ဆေးရုံကြီးရှေ့ လမ်း(၃၀)နှင့် (၇၅) လမ်းထောင့်တွင် ဆိုင်ကယ်မောင်းနှင်လာသူ ခင်မောင်ဌေးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးရောင်းချသူ အောင်မြေသာစံမြို့နယ် ဆိုရှယ်ဝန်း (၈၃)လမ်း၊ (၂၃×၂၄) လမ်းကြားနေ လွင်ဦး၏ နေအိမ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀ ထပ်မံသိမ်းဆည်းရမိသဖြင့် ခင်မောင်ဌေး (ခ) ကိုဌေး (၃၄)နှစ်နှင့် လွင်ဦး (ခ) ကိုကိုလွင် (၅၂)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တစ်ပတ်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု

**နေပြည်တော် စက်တင်ဘာ ၉**

ယခုနှစ် စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဘိန်းကိုးမှု အလေးချိန် ၃ ဒသမ ၆၉၆၉ ကီလို၊ ဘိန်းဖြူ ၅၆ မှု အလေးချိန် သုည ဒသမ ၃၅၇၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၃ မှု ဆေးပြားအရေအတွက် ၃၄၀၃၂၀၊ အဆင့်နိမ့်ဘိန်းရှစ်မှု အလေးချိန် သုည ဒသမ ၇၅၇၇ ကီလို၊ ဘိန်းဆီခဲ အလေးချိန် သုည ဒသမ ၀၀၀၄ ကီလို၊ ဘိန်းဆီရည် နှစ်မှု အလေးချိန် သုည ဒသမ ၆၃ လစ်တာ၊ စိတ်ကြွအကြေမှုန့် သုည ဒသမ ၀၈၀၂ ကီလို၊ ဆေးခြောက် တစ်မှု အလေးချိန် ၁ ဒသမ ၆၃၃ ကီလို၊ ဘိန်းစာမှုန့် နှစ်မှု အလေးချိန် ၁၉ ဒသမ ၆၉၁ ကီလို၊ ဒိုင်ယာဇီပမ်ထိုးဆေးပုလင်း တစ်မှု အရေအတွက် ၁၄၁၁၀ ပုလင်း၊ ဒိုင်ယာဇီပမ်ထိုးဆေး အရည်တစ်မှု အလေးချိန် သုည ဒသမ ၀၀၂ လီတာ၊ အိုက်စ်တစ်မှု အလေးချိန် သုည ဒသမ ၀၀၅၂ ကီလို၊ အက်ဖီဒရင်း တစ်မှု အလေးချိန် သုည ဒသမ ၃ ကီလို ထရာမဒေါလ် ငါးတောင့်စသည်ဖြင့် အမှုပေါင်း ၁၃၅ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၁၇၁ ဦး၊ အမျိုးသမီး တရားခံ ၂၀ စုစုပေါင်း ၁၉၁ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သိန်း ၄၀ ကျော်ပိုးရှိ ငွေနှင့် ရွှေထည်ပစ္စည်းများ အခိုးခံရ

**နတ်မောက် စက်တင်ဘာ ၉**

နတ်မောက်မြို့နယ် ကံကြီးရပ်ကွက်နေ ဦးကျော်ဆန်းဝင်းသည် စက်တင်ဘာ ၅ ရက် နံနက် ၁ နာရီခွဲခန့်တွင် နေအိမ်၌ မိသားစုနှင့်အတူ အိပ်ပျော်နေစဉ် ဇနီးဖြစ်သူ မခင်လေးက နေအိမ်ပေါ်ရှိ သံသေတ္တာ မရှိတော့ကြောင်း ပြောပြသဖြင့် အိပ်ရာမှထ၍ နေအိမ်ပတ်ဝန်းကျင်သို့ ရှာဖွေရာ အဆိုပါသေတ္တာအား နေအိမ်ခေါင်းရင်းတွင် သော့ဖျက်လျက် တွေ့ရှိရပြီး ဖွင့်ကြည့်ရာ အဆိုပါသေတ္တာအတွင်း ထည့်ထားသည့် စလင်းဘက်အိတ်အတွင်းရှိ ငွေစက္ကူရောရာ လေးသိန်း၊ စိန်လက်စွပ်ငါးမူးသားတစ်ကွင်း (ငွေကျပ်လေးသိန်း)၊ ရွှေခြေချင်း တစ်ကျပ်သား (ငွေကျပ် ခြောက်သိန်း)၊ ဆက်ကြိုးနားဆွဲ ငါးမူးသား တစ်ရန် (တန်ဖိုး ၃၅၀၀၀၀)၊ ရွှေအိုးစည်နားဆွဲ တစ်ရန် (တန်ဖိုး ၃၅၀၀၀၀)၊ ဘဏ်စာအုပ်တစ်အုပ်၊ ကမ္ဘောဇဘဏ် ချက်လက်မှတ်တစ်အုပ်၊ ဒေါ်ခင်လေး အမည်ဖြင့် ပြုလုပ်ထားသည့် ရွှေဘောက်ချာ ငါးရွက်၊ မြေဩဇာဝယ်ယူထားသည့် ဘောက်ချာ အရွက် ၂၀ ခန့်၊ မန္တလေးမြို့ ဝိန့်စိန်ရွှေဆိုင်မှ ရွှေထည်ပြုလုပ်ရာတွင် ဘောနက်အဖြစ် ထုတ်ပေးထားသည့် ကတ်ပြားတစ်ခု၊ သံသေတ္တာအပေါ်တွင် ထည့်ထားသည့်ခြင်းထဲမှ ရွှေဆွဲပြားငါးမူးသားပါ ရွှေဆွဲကြိုး သုံးကျပ်သားတစ်ကုံး (တန်ဖိုး ၁၉၅၀၀၀၀)၊ ဗီရိုပေါ်တွင် တင်ထားသည့် ဈေးလွယ်အိတ်အတွင်းရှိ မြို့မဈေးဆိုင်ခန်းသော့ ခြောက်ချောင်းပါ သော့တွဲတစ်တွဲ၊ အိမ်ခေါင်တိုင်တွင် ချိတ်ထားသော အကျီအိတ်ကပ်အတွင်းမှ ငွေစက္ကူရောရာ သုံးသောင်း စုစုပေါင်း ငွေကျပ် ၄၀၈၀၀၀၀ ကျော်ဖိုး ပျောက်ဆုံးသွားသဖြင့် စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ဦးကျော်ဆန်းဝင်းက တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် နတ်မောက်မြို့နယ် မြို့မရဲစခန်းက (ပ)၁၃၀/၂၀၁၄၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရအမှုဖွင့်ထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# ရပ်တန့်ထားသောယာဉ်ကို ဆိုင်ကယ်ဝင်တိုက်

**ရန်ကုန် စက်တင်ဘာ ၉**

မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမပေါ်တွင် ရပ်ထားသော ၁၀ ဘီး ကုန်တင်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်ဖြင့် ဝင်တိုက်မိရာ ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးစလုံး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီခွဲခန့်တွင် မြောက်ဥက္ကလာ(၅)ရပ်ကွက်နေ အောင်ကိုကို၊ အောင်ညီညီ အမြွှာညီအစ်ကိုသည် ဆိုင်ကယ်စီးနင်းမောင်းနှင်ပြီး ခြောက်ကွေ့မှ အဝိုင်းဘက်သို့ သုဓမ္မာလမ်းအတိုင်း မောင်းနှင်သွားစဉ် သိန်းကမ္ဘာကုန်မာဆိုင်ရှေ့တွင် ရပ်တန့်ထားသည့် ၁၀ ဘီး ကုန်တင်ယာဉ်အား အရှိန်မထိန်းနိုင်ဖြစ်ပြီး ဝင်တိုက်မိသဖြင့် အမြွှာညီအစ်ကိုနှစ်ဦးလုံး အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

**(၀၃၅)**


# ရွှေဘိုစုကျေးရွာတွင် အရက်အတူသောက်ရင်း စကားများရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်ပွား

**ခရမ်း စက်တင်ဘာ ၉**

ခရမ်းမြို့နယ် ရွှေဘိုစုကျေးရွာတွင် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက အရက်အတူသောက်ရင်း စကားများရန်ဖြစ်ခဲ့သည်ကို မကျေမနပ်ဖြစ်ကာ တူဖြစ်သူမှ ဓားဖြင့်ခုတ်ခဲ့၍ ဦးလေးဖြစ်သူ သေဆုံးခဲ့သောဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ခရမ်းမြို့နယ် ရွှေဘိုစုကျေးရွာနေ ဦးမောင်ငယ် (၅၀)နှစ်နှင့် တစ်ခြံတည်းနေ တူဖြစ်သူ ကျော်ဇင် (၃၅)နှစ်တို့သည် အရက်အတူသောက်ရင်း စကားများရန်ဖြစ်ခဲ့ကြကြောင်း၊ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ကျော်ဇင်မှာ အရက်မူး၍ နေအိမ်သို့ ပြန်လည်ရောက်ရှိလာပြီး ဦးမောင်ငယ်နှင့် စကားများခဲ့သည်ကို မကျေမနပ်ဖြစ်ကာ တစ်ခြံတည်းနေ အဒေါ်ဖြစ်သူ၏ နေအိမ်ပေါ်၌ အိပ်ပျော်နေသော ဦးမောင်ငယ်အား ဓားမဖြင့် ခုတ်ခဲ့သဖြင့် ဝဲဘက်ခြေတံကောက်ကွေးတွင် ပြတ်ရှဒဏ်ရာ သုံးချက်ရရှိခဲ့ကြောင်းနှင့် ဦးမောင်ငယ်အား ခရမ်းဆေးရုံသို့ ပို့ဆောင်စဉ် သွေးထွက်လွန်၍ လမ်း၌ သေဆုံးသွားခဲ့ကြောင်း သိရပြီး ဦးမောင်ငယ်သေဆုံးမှုနှင့် ပတ်သက်၍ ကျော်ဇင်အား အရေးယူပေးရန် သေဆုံးသူ၏ အစ်ကိုဖြစ်သူ ဦးမောင်ကြီး၏ တိုင်တန်းချက်အရ ခရမ်းမြို့မရဲစခန်းက (ပ)၂၀၅/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၄၀)**







# မြန်မာနိုင်ငံသားများအားလုံး စာတတ်ကြ၍ စာဖတ်ကြဖို့ လိုပါသည်

**မြမဥ္ဇူဝေ(ကျုံမငေး)**

ယနေ့ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁ သန်းကျော် ရှိနေသည်ဟု မှတ်သားရပြီး ကျေးလက်ဒေသနေ လူဦးရေမှာ ၇၀ ရာခိုင်နှုန်းခန့် ရှိနေ၏။ အထူးသဖြင့် မြို့နေလူတန်းစားများအဖို့ စာမဖတ်ဖြစ်ကြသော်လည်း စာတတ်ကြပါသည်။ ကျေးလက်နေပြည်သူများအနေဖြင့် စာတတ်လာကြပြီး စာဖတ်လာကြ၏။ သို့သော် စာဖတ်အားနည်းသေး၏။ အနည်းစုသည်သာ "စာမတတ်သူ"အဖြစ် ရှိနေကြပါသည်။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားအားလုံး စာတတ်မှသာ နိုင်ငံ၏အခြေအနေ တိုးတက်ကောင်းမွန်မှာဖြစ်၏။ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်စည်ပင်စေရန် အသိပညာ၊ အတတ်ပညာရှင်များ များစွာပေါ်ထွန်းလာစေရန် လူတိုင်းစာတတ်သင့်ပါသည်။ ထို့အပြင် "အလိမ္မာစာမှာရှိ"ဆိုသကဲ့သို့ အလိမ္မာတရားများရှိနေသော "စာ"ကိုလည်း ဖတ်သင့်ပါသည်။

ထို့ကြောင့် လူတိုင်းစာတတ်မြောက်ကြစေရန် မြို့ရွာကျေးလက်များသို့ ခရီးဆန့်၍ စာပေသင်ကြားရေး၊ လူတိုင်းစာတတ်ရေး၊ စာမတတ်သူပပျောက်ရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်နေကြပြီဖြစ်၏။ တစ်ဖက်ကလည်း အကြောင်းအမျိုးမျိုးကြောင့် စာပေပညာမသင်ကြားနိုင်ခဲ့သော ကျေးလက်တောရွာနေကြသူများအတွက် 'အ' သုံးလုံးကျေ စာပေပညာသင်ကြားမှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြပြန်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အခါက သက်ကြီးစာပေသင်ကြားရေးအတွက် 'အ'သုံးလုံးကျေ စာပေသင်ကြားရေးလုပ်ငန်းများကို ကျေးရွာအရောက်ခရီးဆန့်ဆောင်ရွက်ခဲ့ကြရာ အောင်မြင်မှုရခဲ့သော စာပေသင်ကြားမှုအဖြစ် ကမ္ဘာ့အလယ်တွင် အောင်ပန်းဆင်ခဲ့ရဖူးပါသည်။ မြန်မာနိုင်ငံအတွင်း တိုင်းလုံးကျွတ်၊ ခရိုင်လုံးကျွတ်၊ မြို့နယ်လုံးကျွတ် စာတတ်မြောက်ခဲ့ကြရသော စာတတ်မြောက်မှုအောင်ပွဲခေါ်သံများ ညံစည်ခဲ့ရဖူးပါသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် စီးပွားရေးဖွံ့ဖြိုး၍ ပညာရေး၊ လူမှုရေးများ တိုးတက်နေသည်နှင့်အမျှ လူနေမှုအဆင့်အတန်းများလည်း တိုးတက်လာသောကြောင့် ဤကမ္ဘာအတွင်းမှ မြန်မာနိုင်ငံသည်လည်း ရင်ပေါင်တန်းကြိုးစားနေပြီဖြစ်၏။ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရွှေပြည်သစ်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ရန် နိုင်ငံသူ နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။ ထိုတာဝန်ကို ထမ်းဆောင်နိုင်ရန် ပညာတတ်ဖို့လိုပါသည်။ စာတတ်ကြဖို့လိုပါသည်။ စာဖတ်ကြဖို့ လိုပါသည်။

ပညာဖြင့်သာ အရာရာကို ကောင်းစွာစီမံနိုင်မည်ဖြစ်၍ မိမိတို့ရရှိပိုင်ဆိုင်လိုသော ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ကြရာတွင် "စာမတတ်သူ" ပပျောက်ရေးလုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်ကြရမှာဖြစ်၏။ ထို့ကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ (၂၈/ဂ)တွင် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်ကြရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ(၂၈/ဃ)တွင် ဘက်စုံအတွေးအခေါ်၊ အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ကြရမည်ဟူ၍ လည်းကောင်း၊ ပုဒ်မ (၃၆၆)အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ-

- ပညာသင်ကြားပိုင်ခွင့်ရှိ၊
- ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်၊
- သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာရပ်များ ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆ ဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်၊

ဟူသော ပြဋ္ဌာန်းမှုများကို ပြဋ္ဌာန်းသတ်မှတ်ခဲ့ပါသည်။

ပညာဖြင့်သာ လောကလူ့ဘောင် သာယာရေးကို ပြုစုပျိုးထောင်နိုင်မှာဖြစ်သောကြောင့် "မသင်မနေရ"ဆိုသော ခေါင်းစဉ်ဖြင့် လူတိုင်းပညာသင်ကြားနိုင်ရန် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ခဲ့ပြီး ငယ်စဉ်အခါက စာပေဖြင့် "စာမတတ်သူ" များအတွက် 'အ'သုံးလုံးကျေသင်တန်းများကို အိမ်တိုင်ရာရောက်သင်ကြားမှုကို ဆောင်ရွက်ခဲ့သည်မှာလည်း ကောင်းမွေတစ်ခုအတွက် ဆောင်ရွက်ခဲ့ခြင်းဟု ဆိုနိုင်ပါသည်။

> **စာမတတ်ကြသော လူကြီးလူငယ်များသည် စာပေသင်ကြားနေကြပြီဖြစ်၏။ မိမိတို့၏ ဘဝဝမ်းရေး ရှာဖွေနေကြရသောအချိန်များကိုဖဲ့၍ "အ" သုံးလုံးကျေသင်တန်းများတွင် စာသင်နေကြပြီဖြစ်၏။ စာတတ်ကြပြီးဖြစ်သော လူကြီး လူငယ်အများစု ယနေ့ ဘာကြောင့် စာဖတ်ချိန်တွေ မရကြရသနည်းဟု တွေးစရာပင်ဖြစ်နေ၏။ လူသားများအတွက် စာဖတ်ခြင်းအလေ့အကျင့်ကောင်းများသည် အသိဉာဏ်ကို ရင့်ကျက်စေပါသည်။ အတွေးအခေါ်နှင့် ဆင်ခြင်နိုင်မှုစွမ်းအားများကိုလည်း ဖြည့်ဆည်းပေးနိုင်ပါသည်။**

မြန်မာ့သမိုင်းစဉ်တွင် မြန်မာနိုင်ငံစာတတ်မြောက်ရေးဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် စေတနာ့ဝန်ထမ်း လုပ်အားပေးများက ပြည်သူများ၏ ပါဝင်လှုပ်ရှားမှုအဖြစ် ဆောင်ရွက်ခဲ့ရာ အောင်မြင်ခဲ့၏။ ထိုဆောင်ရွက်မှုများကြောင့် ယူနက်စကိုအဖွဲ့ချုပ်မှ မြန်မာနိုင်ငံအား ၁၉၇၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်များတွင် "မိုဟာမက်ရီဇာပါလာဗီ" ဆုနှင့် "နိုမာ"ဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့ပါသည်။

စာတတ်မြောက်ရေးကို ဦးစားပေးသည့် မြန်မာနိုင်ငံ၏ ပညာရေးမြှင့်တင်မှုလုပ်ငန်းစဉ်အရ ကလေးသူငယ်တိုင်း ပညာသင်ကြားနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ခြင်း၊ အရွယ်ရောက်ပြီးသူများ၊ စာမသင်ကြားခဲ့ရသော သူများအတွက် သက်ကြီးစာပေသင်ကြားရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး "စာဖတ်ရှိန်" မြှင့်တင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် စာကြည့်တိုက်ပေါင်း ခြောက်သောင်းကျော်ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၏။

တစ်ချိန်သောအခါက ကမ္ဘာတစ်ဝန်းလုံး မိုးမှောင်ကျခဲ့သော စစ်ဘေးစစ်ဒဏ်ကို နှစ်ကြိမ်ခံစားခဲ့ရဖူး၏။ ထိုစစ်ဘေးကြောင့် အထွေထွေဆုံးရှုံးမှုများနှင့်အတူ ကမ္ဘာသူ ကမ္ဘာသားများ "စာပေ"နှင့် ကင်းဝေးခဲ့ရပြီး "စာမတတ်သူ"များ တိုးပွားလာခဲ့ရ၏။

စာမတတ်သူများနှင့် ဖွဲ့စည်းခဲ့သော နိုင်ငံသည် တိုးတက်မှုများ ဆုတ်ယုတ်ခဲ့ရပြီး လူစဉ်မမီ ဉာဏ်ရည်နည်းသောသူများ၏ အင်အားများကြောင့် မပြည့်ဝသော လူ့ဘောင်ဘဝများအဖြစ် ရပ်တည်ခဲ့ကြရသည့် လူမှုဒုက္ခများဖြင့် ကျင်လည်ခဲ့ကြရ၏။ အဆိုးသံသရာလည်ခြင်းသည် လူသားများ စာမတတ်ခြင်းဟူသော ပြစ်ချက်ကို ရှာဖွေတွေ့ရှိသွားသောအခါ စာတတ်မြောက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လာကြ၏။ နိုင်ငံအသီးသီးတွင် "စာတတ်မြောက်ရေး"အတွက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ကြရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ယူနက်စကိုအဖွဲ့အား တာဝန်တစ်ရပ်အဖြစ်ပေးအပ်ခဲ့ပါသည်။

စာမတတ်ခြင်း၏ အဆိုးဘေးမှ ကင်းဝေးစေရန် ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ အီရန်နိုင်ငံ တီဟီရန်မြို့တွင် နိုင်ငံပေါင်း ၈၉ နိုင်ငံမှ စာပေပညာရှင်များသည် "နိုင်ငံတကာစာတတ်မြောက်ရေးနေ့" ဟူသော နေ့တစ်နေ့ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ကမ္ဘာသို့တိုင်ထိုးဖောက်၍ ကမ္ဘာ့အသိအမှတ်ပြုနေ့ဖြစ်စေရန် ထိုနေ့ကို ခိုင်ခိုင်မာမာ အတည်ပြုခဲ့ကြပြီး ၁၉၉၀ ပြည့်နှစ်ကို "နိုင်ငံတကာစာတတ်မြောက်ရေးနှစ်"အဖြစ် သတ်မှတ်ခဲ့သည်။ ထိုနှစ်၌ပင် ထိုင်းနိုင်ငံ ဂျွန်တီယံမြို့တွင် "လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီး"ကို ကျင်းပခဲ့ကြပါသည်။

ညီလာခံကြီးကျင်းပခြင်းနှင့်အတူ "လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ကြေညာစာတမ်း"ကိုလည်း ထုတ်ပြန်ခဲ့၏။ ထို့နောက် စက်တင်ဘာ ၈ ရက်ကို " နိုင်ငံတကာစာတတ်မြောက်ရေးနေ့"ဟု သတ်မှတ်ခဲ့ကြ၏။ ကုလသမဂ္ဂအထွေထွေညီလာခံကြီးသည် နိုင်ငံတကာတွင် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကာလကို "ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်"အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံကြီးများကဲ့သို့ပင် မြန်မာနိုင်ငံသည်လည်း စာမတတ်သူပပျောက်ရေးအတွက် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးစအချိန်တွင် လူထုပညာရေးသင်တန်းများ၊ 'အ' သုံးလုံးကျေသင်တန်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးစီမံကိန်းများဖြင့် စာမတတ်သူများ စာတတ်ရန်ကြိုးပမ်းခဲ့၏။ ထို့ကြောင့် ၁၉၆၃ ခုနှစ်သို့ ရောက်သောအခါ စာတတ်မြောက်မှုနှုန်းမှာ ၅၇ ရာခိုင်နှုန်းအထိရှိလာပြီး ၁၉၆၄ ခုနှစ်မှစ၍ စာတတ်မြောက်ရေးလှုပ်ရှားမှုကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ခဲ့၏။

နှစ်စဉ်မပျက် စာမတတ်သူပပျောက်ရေးကို အလေးထား ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံအတွက် စာတတ်သူများ တိုးပွားလာသည်မှာ အားရကျေနပ်ဖွယ် ကောင်းလှ၏။ သို့သော် "စာမဖတ်သူ"များပြားလာခြင်းအတွက်လည်း စဉ်းစားသင့်ပါသည်။ ကျေးလက်နေသူများအနေဖြင့် စာဖတ်ဖြစ်နိုင်သော စာကြည့်တိုက်များ၊ စာပေရေချမ်းစင်များ၊ ရွေ့လျားစာကြည့်တိုက်များသို့ သွားရောက်စာဖတ်ဖြစ်နိုင်ရန် အချိန်ရှိကောင်းရှိနိုင်၏။ မြို့ကြီးပြကြီးနေကြသူ လူကြီးလူငယ်များသည် အချိန်နည်းပါးနေကြ၏။ အထူးသဖြင့် စာအုပ်ကိုင်ဖတ်ရလောက်အောင် အချိန်မရှိကြသဖြင့် စာအုပ်စာပေနှင့် ဝေးမှန်းမသိ ဝေးနေကြပြီဖြစ်၏။

စာမတတ်ကြသော လူကြီးလူငယ်များသည် စာပေသင်ကြားနေကြပြီဖြစ်၏။ မိမိတို့၏ ဘဝဝမ်းရေးရှာဖွေနေကြရသော အချိန်များကိုဖဲ့၍ 'အ'သုံးလုံးကျေသင်တန်းများတွင် စာသင်နေကြပြီဖြစ်၏။ စာတတ်ကြပြီးဖြစ်သော လူကြီးလူငယ်အများစု ယနေ့ ဘာကြောင့် စာဖတ်ချိန်တွေမရကြရသနည်းဟု တွေးစရာပင်ဖြစ်နေ၏။ လူသားများအတွက် စာဖတ်ခြင်းအလေ့အကျင့်ကောင်းများသည် အသိဉာဏ်ကို ရင့်ကျက်စေပါသည်။ အတွေးအခေါ်နှင့် ဆင်ခြင်နိုင်မှုစွမ်းအားများကိုလည်း ဖြည့်ဆည်းပေးနိုင်ပါသည်။

စာရေးသူတို့၏နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လာပြီဟု ဆိုနိုင်သောအခြေအနေတွင် ထိုရလဒ်ကိုမြှင့်တင်ထိန်းသိမ်းသွားနိုင်ရန် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်ပါသည်။ ရှေ့လာမည့်အနာဂတ်အတွက် ပြင်ဆင်ဖြည့်စွက်စရာများကို အဆင့်မြင့်နည်းပညာများ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာကြပြီးမှသာ ဖြည့်စွက်နိုင်မည်ဖြစ်၏။ ထို့အတွက် "စာဖတ်ရပါမည်"၊ "စာဖတ်ဖို့လိုပါသည်" လူကြီးမိဘများအနေဖြင့်လည်း စာဖတ်ချင်သည့် စိတ်နေသဘောထားများ မိမိ၏ သားသမီးများစိတ်တွင် ကိန်းအောင်းလာစေရန် စည်းရုံးဖျောင်းဖျပြောဆိုသင့်ပါသည်။

စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေသာဖြစ်ပါသည်။ ရန်သူမဟုတ်သောကြောင့် စာပေချစ်သည့် မြန်မာနိုင်ငံသူ နိုင်ငံသားများဖြစ်ရန် ဝိုင်းဝန်းကြိုးစားသင့်ပါသည်။ ။


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၂၊ မြေကွက်အမှတ်-၃၈A/၁ဘီ+၄၃ A/၁A-၁A-၁ဘီ၊ အမှတ်-(၁၁၂/စီ)၊ နန္ဒဝန်လမ်း၊ ဗဟန်းမြို့နယ်၊ ဧရိယာ (၀. ၆၂၅) ဧက နှစ် (၉၀) ဂရန်မြေ အမည်ပေါက် ဒေါ်ရှင် မြေအား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၉၂၄/၂၁-၁၁-၈၃ ဖြင့် ပိုင်ဆိုင်သူ ဒေါ်နုနုထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၉၂၂/ ၈-၅-၉၆ အရ တရားဝင် မခွဲမစိတ်ရသေးသော အနောက်ဘက်ခြမ်း ပေ(၄၀×၄၄) အား ပိုင်ဆိုင်သူ ဦးခင်မောင်ချမ်း [၁၂/ဗဟန (နိုင်)၀၂၁၇၅၂] မှ မူလဂရန် အမည်ပေါက် ဒေါ်ရှင် ဂရန်ကြီး၏ မြေကွက်အစိတ်အပိုင်းကို ဝယ်ယူခဲ့ခြင်းဖြစ်၍ မူရင်းဂရန်ကြီး ဝယ်ယူသူလက်ဝယ်ရရှိခဲ့ခြင်းမရှိပါကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေကွက်ခွဲမြေပုံကူးနှင့် မြေတိုင်းမြေပုံ လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် (၁၁၈၁)၊ မြေကွက်တည်နေရာအမှတ်(၁၁၈၁)၊ ဦးအောင်ဇေယျ (၉)လမ်း၊ ဒလမြို့နယ် (ဦးတင်ညို) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဖခင် ဦးတင်ညို၁၃-၁၀-၂၀၁၂ရက်နှင့်မိခင်ဒေါ်ကြည် ၂၂-၈-၂၀၀၈ရက်-တွင် အသီးသီးကွယ်လွန်သွားပါသဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ မသန်းသန်းဆွေ[၁၂/ဒလန(နိုင်)၀၁၅၉၂၉]မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ၁၈-၉-၁၃ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ၁၂-၅-၂၀၁၁ ရက်စွဲပါ ပေးကမ်းအရပ်စာချုပ်ကတိတင်ပြ၍ နှစ်(၆၀)ဂရန်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

[illegible]

## အနူးအညွတ်တောင်းပန်ခြင်း

အိန္ဒိယနိုင်ငံ LINC Pen & Plastic Co.,Ltd ထုတ် ဘောလ်ပင်များကို တရားဝင် တစ်ဦးတည်း ဖြန့်ချိရောင်းချခွင့်ရထားသည့်ကုမ္ပဏီမှ ဖြန့်ချိရောင်းချထားသော ဘောလ်ပင်များမဟုတ်ဘဲ မြန်မာနိုင်ငံတွင် ရောင်းချရန် ကုမ္ပဏီမှ တားမြစ်ထားသည့် LINC (Glycer) ဘောလ်ပင်များကို ကျွန်တော်ဦးအောင်ဇော်တင့် [၉/မရတ(နိုင်)၁၁၉၂၅၅]၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၇၁-လမ်း၊ အမှတ်-ဠ-၂/၆၅ မှ ဝယ်ယူ၊ ဖြန့်ချိရောင်းချမိခဲ့ပါသဖြင့် တရားဝင်ဖြန့်ချိရောင်းချခွင့်ရထားသူ Like Link ကုမ္ပဏီ အတွက် စီးပွားရေးထိခိုက်နစ်နာမှုအပေါ် အနူးအညွတ်တောင်းပန်အပ်ပါသည်။ နောက်နောင်တွင်လည်း အလားတူ ဝယ်ယူရောင်းချခြင်းမျိုး မပြုတော့ပါဟု ဝန်ခံကတိပြုအပ်ပါသည်။

**ဦးအောင်ဇော်တင့် [၉/မရတ(နိုင်)၁၁၉၂၅၅]**

## စာအုပ်သစ်များကို ပြည်သူများ နှစ်ခြိုက်စွာ လေ့လာ

**ပြည်၊ စက်တင်ဘာ ၉**

ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများအား မိမိတို့လက်တစ်ကမ်းတွင် စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်နှင့် စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိပြီး အသိပညာဗဟုသုတများ ပိုမိုတိုးပွားလာစေရန်ရည်ရွယ်၍ ပြည်မြို့၏ လူစည်ကားရာနေရာ ၁၉ နေရာတွင် နံရံကပ်စာပေရေချမ်းစင်များ ထားရှိဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါစာပေရေချမ်းစင်များတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ပြည်သူ့နီတိအပါအဝင် သုတ၊ ရသကဏ္ဍစုံလင် စာအုပ်မျိုးစုံ ဘာသာရပ် ၁၃ မျိုးကို တစ်နေရာတည်းတွင်ဖတ်ရှုနိုင်ရန် ထားရှိပေးထားပြီး ယင်းစာပေရေချမ်းစင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက လစဉ် စာအုပ်စာစောင်အသစ်များ ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၁ ရက်က ပြည်ခရိုင် ပြန်/ဆက်ဦးစီးဌာနမှ ဝန်ထမ်းများသည် အဆိုပါနံရံကပ်စာပေရေချမ်းစင် ၁၉ ခုသို့ စာအုပ်စာစောင်အသစ်များ ထပ်မံဖြည့်ဆည်းပေးခဲ့ရာ စာအုပ်အသစ်များကို ရေချမ်းစင်တွင် လာရောက်လေ့လာဖတ်ရှုသည့် စာဖတ်သူပြည်သူများ နှစ်ခြိုက်စွာဖတ်ရှုကြကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြည်)**

## နံရံကပ်စာပေရေချမ်းစင် စာအုပ်သစ်များဖြည့်ဆည်း

**မြစ်ကြီးနား၊ စက်တင်ဘာ ၉**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့အတွင်းရှိ ပြည်သူများအနေဖြင့် အဆိုးအကောင်း၊ အမှားအမှန်တို့ကို ဝေဖန်ပိုင်းခြားနိုင်သည့် အသိပညာဗဟုသုတများတိုးပွားလာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့အပြင် ပြည်သူများ စာအုပ်စာပေများကို လွယ်လင့်တကူ ဖတ်ရှုနိုင်ရေးတို့အတွက် လူစည်ကားရာနေရာများတွင် အများပြည်သူဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်အနေဖြင့် နံရံကပ်စာပေရေချမ်းစင်အိတ်ငယ်များကို ထားရှိဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ထားရှိပေးသော နံရံကပ်စာပေရေချမ်းစင်ငယ်များတွင် မှတ်သားစရာများဗဟုသုတများနှင့် သုတ၊ ရသ စုံစုံလင်လင်ပါရှိသည့် စာအုပ်စာစဉ် ၁၃ မျိုးအား လိုက်လံဖြည့်ဆည်းရေးကို မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက လစဉ်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်အောင်တွင် ပြည်သူဗဟိုပြုရဲလုပ်ငန်းများဆွေးနွေး

**မြန်အောင်၊ စက်တင်ဘာ ၉**

မြန်အောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေဦးဆောင်သော မြန်အောင်မြို့မ၊ ကနောင်၊ ရွှေကျင်၊ အင်ပင်ရဲစခန်းမှူးများနှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ရပ်မိရပ်ဖများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များသည် စက်တင်ဘာ ၇ ရက်က မြန်အောင်မြို့မရဲစခန်း ဓမ္မာရုံတွင် တွေ့ဆုံ၍ ပြည်သူဗဟိုပြုရဲလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားခဲ့သည်။ မြို့နယ်အတွင်း ဖြစ်ပွားခဲ့သော အမှုအခင်းများနှင့်ပတ်သက်၍ နောင်ဖြစ်ပွားမှု မရှိစေရန် ပြည်သူနှင့်ရဲတပ်ဖွဲ့ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသော အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ ဆွေးနွေးမှုကို သက်ဆိုင်ရာနယ်မြေရဲစခန်းမှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးကဆွေးနွေး ပြီးမှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လောင်းကစားမှုပပျောက်ရေး၊ အရက်များတရားမဝင်ရောင်းချခြင်း မရှိစေရန်နှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့နှင့် ပြည်သူပူးပေါင်း၍ ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။ **ဝင်းဗိုလ်(ပြန်/ဆက်)**

# မွေးမြူရေးကဏ္ဍတိုးတက်စေရန် အရာတော်မြို့တွင် နွားမေထုန်မဲ့သားစပ် သင်တန်းဖွင့်လှစ်

**အရာတော်၊ စက်တင်ဘာ ၉**

မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိကျေးလက်ဒေသများ မွေးမြူရေးကဏ္ဍတိုးတက်စေရန် နွားမေထုန်မဲ့သားစပ်သင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် စက်တင်ဘာ ၅ ရက်က အရာတော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသင်တန်းဖွင့်ပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားပြီးနောက် သင်တန်းဖွင့်လှစ်ရခြင်းသည် လက်မှုမှသည် စက်မှုလယ်ယာသို့ ကူးပြောင်းတိုးတက်လာရာ ကျေးရွာများရှိ ဒေသခိုင်းနွားများနှင့် နို့စားနွားမများကို အချိန်မီမေထုန်မဲ့သားစပ်ပေးနိုင်ပြီး မွေးမြူထုတ်လုပ်မှုတိုးတက်များပြားလာစေရန် ကျေးရွာအများအပြားတွင် ခိုင်းနွားရှားပါးမှုကာကွယ်ရန်နှင့် မွေးမြူရေးကဏ္ဍတိုးတက်ပြီး နို့ထွက်ကောင်းမွန်သော နွားများရရှိရန်အတွက် နွားမေထုန်မဲ့သားစပ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ပြောကြားသည်။

သင်တန်းကာလမှာ ငါးရက်ကြာ စာတွေ့လက်တွေ့ ပို့ချသင်ကြားပေးရုံသာမက သင်တန်းသားများကို တစ်ရက်လျှင် နေ့တွက်စရိတ် ငွေကျပ် ၃၀၀၀ ထောက်ပံ့ပေးပြီးသင်ကြားခဲ့ရသည့် ပညာများကိုလည်းရွာသူရွာသားများသို့ ဝေမျှပေးမည်ဖြစ်ပြီး ဒေသခိုင်းနွားများနှင့် နို့စားနွားမများကို အချိန်မီ မေထုန်မဲ့သားစပ်ပေးနိုင်ပြီဖြစ်သည့်အတွက် နွားမွေးမြူရေး၊ နို့နှင့် အသားထုတ်လုပ်မှု တိုးတက်များပြားလာအောင် လုပ်ဆောင်သွားမှာဖြစ်ကြောင်း သင်တန်းတက် ရောက်လာကြသူ ၂၀ ဦးမှ သင်တန်းသား ဦးကျော်ဆင့်က ပြောသည်။ သင်တန်းဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကံထွန်း၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ မြို့နယ်ဦးစီးမှူး ဒေါက်တာဦးဝင်းစိုးနှင့် ဝန်ထမ်းများ၊ သင်တန်းဆရာများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်း ညောင်ဦးတွင် ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး၊ စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးလေးနိုင်နှင့် ဝန်ထမ်းများမှ အာမခံဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာနတို့ရှိ ဝန်ထမ်းများနှင့် ပူးပေါင်း၍ စက်တင်ဘာ ၆ ရက်က ညောင်ဦးမြို့နယ်အတွင်းရှိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းနှင့် အသစ်ပြုလုပ်ပေးခြင်းလုပ်ငန်းကို ညောင်ဦးမြို့၊ ရွှေစည်းခုံဘုရား တောင်ဘက်စောင်းတန်းအနီး ကွင်းပြင်၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့ သက်တမ်းတိုးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် ၇၁ စီး၊ မော်တော်ဆိုင်ကယ် ၃၃၃ စီး၊ နယ်ဝင်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ခြောက်စီး၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး ၁၇ စောင်၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးအသစ်ပြုလုပ်ခြင်း ရှစ်စောင်တို့ကို သက်တမ်းတိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အခွန်စည်းကြပ်ငွေ စုစုပေါင်းငွေကျပ်သိန်း ၅၆၄၆၇၀၀ ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုကဲ့သို့ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ဒေသခံများအနေဖြင့် စရိတ်ကုန်ကျမှုများသက်သာ၍ အချိန်ပိုင်းဖြင့်သက်တမ်းတိုး ဆောင်ရွက်နိုင်ခဲ့သည်။ **ရဲသူရအောင်(ညောင်ဦး)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇(စီ)၊ မြေကွက်အမှတ်-၆/ဃ၊ မြေကွက်တည်နေရာအမှတ်(၆/ဃ)၊ နံ့သာနီလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ (ဦးရောဘတ်ထောမ်းလွယ်)အမည်ပေါက် မြေပိုင် လ/န(၃၉) အိမ်ရာမြေသတ်မှတ်မြေအား အမည်ပေါက် ဦးရောဘတ်ထောမ်းလွယ် ကွယ်လွန်သဖြင့် ဒေါ်ငွေနှင်းလှယ်ဆုန်[၁၂/အစန(နိုင်)၀၃၂၀၈၁]က ဇနီးတော်စပ်ကြောင်း သေစာရင်း၊ ကတိသစ္စာပြုလွှာတို့တင်ပြ၍ ၎င်းထံမှ ကိုယ်စားလှယ်လွှဲစာ-၁၀၂၉၈(၂၅-၆-၂၀၁၃)ဖြင့် G.P ရသူ ဒေါ်ဂျာအိန်ရော်[၁/မကန(နိုင်)၁၀၂၂၅၉]က လျှောက်ထားသည့် မြေကွက်အမှတ်-၆/ဃ အတွင်းလမ်းအဖြစ် အသုံးပြုထားခြင်းအား အမည်ပြောင်းလဲပြီးပါကလည်း ဆက်လက်အသုံးပြုခွင့် ပေးထားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုတင်ပြလျက် ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသောတိုက်ခန်းအား ကန်ထရိုက်တာထံမှ ဝယ်ယူပြီး အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်း လျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| | ကန်ထရိုက်တာဦးမြင့်သိန်း [၁၂/ပဘတ(နိုင်) ၀၂၁၉၈၉](မှ) | ဒေါ်ကြည်ကြည်စော [၁၂/ဒလန(နိုင်) ၀၄၀၆၅၄] | တိုက်အမှတ်(၃၀၅/၃၁၁)၊ အခန်းအမှတ်(၄လွှာ-ယာလယ်)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)








### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်စန္ဒာဝင်း[၁၂/ကတတ(နိုင်) ၀၀၁၄၉၀]၏သား မောင်ဇင်ကိုကိုဝင်း[၁၂/ဒဂန(နိုင်)၀၃၄၅၈၉]သည် မိဘများ၏ ဆိုဆုံးမမှုကို လိုက်နာမှု၊ နာခံမှုမရှိဘဲ ဆိုးသွမ်းနေသည်မှာ အကြိမ်ကြိမ်ရှိခဲ့ပြီးဖြစ်ပါသည်။ ၎င်း၏လုပ်ရပ်များကြောင့် မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာ အကြိမ်ကြိမ်ကျဆင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍မောင်ဇင်ကိုကိုဝင်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကိုလုံးဝဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာဝင်း

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပန်းပင်ကုန်း(၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်းသွယ်(၇)၊ အမှတ်-၁၇နေ ဒေါ်မြင့်မြင့်စိန်[၉/ဝတန (နိုင်)၀၁၁၃၄၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ဒေါ်မြင့်မြင့်စိန်၏သားဖြစ်သူ မောင်မျိုးသန်းထိုက်[၉/ဝတန(နိုင်) ၁၀၄၈၄၄]သည် မိဘ၊ ညီအစ်ကိုမောင်နှမများကို စိတ်ဆင်းရဲစေရန် ပြုလုပ်၍ မိခင်၏ ဆန္ဒနှင့်ဆန့်ကျင်ကာ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် မောင်မျိုးသန်းထိုက်နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

လွှဲအပ်ညွှန်ကြားချက်အရ-ဦးကျော်ထွန်း **LL.B., D.B.L, D.M.L**

အထက်တန်းရှေ့နေ(စဉ်-၃၃၃၇၉)

တိုက်-၉/၁၁၊ အခန်း-၁၀၁ (ဘီ)၊ ၃၆-လမ်း (လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် အထိမ်းအမှတ် သင်္ကေတ ပြိုင်ပွဲ ကျင်းပမည်

**ပြင်ဦးလွင်၊ စက်တင်ဘာ ၉**

ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် ဖွင့်လှစ်ခဲ့သည့်ကာလမှာ လာမည့်ဒီဇင်ဘာလတွင် ၁၀ နှစ်ပြည့်မည်ဖြစ်ရာ ထိုပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် ပန်းပွဲတော်နှင့် ဂီတပွဲတော်ကို ကုမ္ပဏီအရောင်းဆိုင်ခန်းများဖြင့် ခမ်းနားစွာ ကျင်းပမည်ဖြစ်ပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်၏ အနှစ်သာရ အဓိပ္ပာယ်ကို ဖော်ဆောင်ပေးနိုင်သည့် အထိမ်းအမှတ်သင်္ကေတ LOGO ပြိုင်ပွဲလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။



ပြင်ဦးလွင်မြို့ ရုက္ခဗေဒဥယျာဉ်ကို ၁၉၂၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လာရောက်လည်ပတ်သူ ဧည့်သည်များဖြင့် အထူးစည်ကားခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ဘက်စုံပြုပြင်ခဲ့ပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်အဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ပန်းပွဲတော်နှင့် ဂီတပွဲတော်များ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ (၁၀) နှစ်ပြည့် အခမ်းအနား၏ အနှစ်သာရအဓိပ္ပာယ်ကို ဖော်ဆောင်ပေးနိုင်သည့် အထိမ်းအမှတ်သင်္ကေတ LOGO ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ပြိုင်ပွဲဝင်တစ်ဦးလျှင် Design သုံးမျိုးအထိ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး LOGO ကို Soft copy + Proof ဖြင့် ပေးပို့ရမည်ဖြစ်ပြီး နှစ်သက်ရာမည်သည့် Format နှင့်မဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

LOGO နှင့်ပတ်သက်၍ ဖန်တီးမှုအား မိမိကိုယ်တိုင်ရေးဆွဲထားကြောင်း ဝန်ခံချက်ကို LOGO Soft Copy နှင့်အတူ ပူးတွဲပေးပို့၍ အမည်၊နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ပြည့်စုံစွာထည့်သွင်းဖော်ပြပေးရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် LOGO များကိုစက်တင်ဘာ ၁၉ ရက် နောက်ဆုံးထား၍ အမျိုးသားကန်တော်ကြီးဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးသို့ ပေးပို့ရမည်ဖြစ်ကာ ရွေးချယ်ခံရသည့် LOGO ကို ဆုငွေကျပ်ငါးသိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ဒီပဲယင်းမြို့နယ် အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်းဖွင့်

**ဒီပဲယင်း၊ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြု သင်တန်းဆင်းပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်က အမှာစကားပြောကြားသည်။ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာအောင်မောင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ ကျေးရွာအုပ်စုများမှ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့သည်။

ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် တိရစ္ဆာန်မှ လူကိုကူးစက်တတ်သောရောဂါများ အချိန်မီကြိုတင်ကာကွယ်တားဆီးနိုင်ခြင်း၊ လယ်ယာကဏ္ဍတွင် အရေးပါလှသော ခိုင်းကျွဲနွားများတွင် ဖြစ်ပွားတတ်သောရောဂါများကို အချိန်မီ ကြိုတင်ကာကွယ်တားဆီးနိုင်ခြင်းဖြင့် သိပ္ပံနည်းကျခေတ်မီ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုလျှော့ကျကာ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

**အောင်လင်း(ပြန်/ဆက်)**

## မြိတ်မြို့တွင် မျိုးစေ့ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

**မြိတ်၊ စက်တင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဌေးဝင်းနှင့် အဖွဲ့ဝင်များပါဝင်သည့် မြို့နယ်ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက မြိတ်မြို့ပေါ်ရှိ ပိုးသတ်ဆေး၊ မြေဩဇာနှင့် မျိုးစေ့အရောင်းဆိုင်များသို့ ကွင်းဆင်းပြီး လိုင်စင်ပါစည်းကမ်းချက်အတိုင်း ထားသိုခြင်း၊ ပတ်ဝန်းကျင်နေအိမ်များနှင့် သတ်မှတ်အကွာအဝေးရှိ-မရှိ၊ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်မှတ်ပုံတင်ဖြင့် တင်သွင်းဖြန့်ဖြူးရောင်းချခွင့်ရှိသော ပိုးသတ်ဆေးများရောင်းချခြင်း၊ မြန်မာစာအညွှန်းမပါဝင်သည့် တရားမဝင်ပိုးသတ်ဆေးများ ရောင်းချခြင်း ရှိ-မရှိ၊ ပိုးသတ်ဆေးများအန္တရာယ်ကင်းအောင်ကိုင်တွယ်နည်းကိစ္စရပ်များကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

မြိတ်ခရိုင်အတွင်းရှိ အချို့သောလယ်များတွင် ဖြုတ်ပိုးများကျရောက်နေခြင်းကြောင့် အကွက်လိုက် အဝါရောင်နှင့် အနီရောင်များ ဖြစ်ပေါ်နေသည့်အတွက် အဆိုပါပိုးမွှားနှိမ်နင်းရာတွင် ထိရောက်သောဆေးများ အမျိုးအစားမှန်ကန်စွာ ရောင်းချနိုင်ရန်နှင့် ထည့်သွင်းအသုံးပြုရမည့် နှုန်းထားများအတိုင်း အသုံးပြုနိုင်ရေးအတွက် ပိုးမွှားပုံသဏ္ဌာန်နှင့် ကျရောက်ဖျက်ဆီးခြင်း လက္ခဏာပါဝင်သော ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဆေးအညွှန်းနှင့် အမျိုးအစားကို မှန်ကန်စွာအသုံးပြုနှိမ်နင်းနိုင်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ငရုတ်သီးဈေးကောင်း၍ တောင်သူများအဆင်ပြေ

**နတ်တလင်း၊ စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ တာကျိုးရွာ၊ ချောင်းကမ်းရွာ၊ ကျွဲသေရွာ၊ ဘုရားထုရွာ၊ ညောင်ငုတ်တိုရွာ စသည့်ရွာများတွင် ငရုတ်ပေါ်ချိန်ဖြစ်ပြီး ငရုတ်စိုက်တောင်သူများလည်း ဈေးကောင်းရနေကြောင်း သိရသည်။

"မနှစ်တုန်းက ငရုတ်သီးဈေးသိပ်မကောင်းဘူး။ တစ်ပိဿာကို လေးရာကျပ်ဈေးက အများဆုံးပဲ။ အခုနှစ်ကတော့ ငရုတ်စပေါ်ကတည်းက တစ်ပိဿာကို ခုနှစ်ရာနဲ့ ကိုးရာကျပ်မှာ ပေါက်ဈေးရှိနေတော့ အဆင်ပြေပါတယ်" ဟု ကျွဲသေရွာမှ ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။

"ငရုတ်တစ်ကျိုးစိုက်ပြီး ငရုတ်သီးလှိုင်လှိုင်ခူးရပြီဆိုရင် ပိဿာချိန် ၁၅၀ နဲ့ ၂၀၀ ကြားမှာ ထွက်တယ်။ ငရုတ်သီးခူးတဲ့အလုပ်သမားခကတော့ တစ်ပိဿာကို ၁၅၀ ကျပ်နဲ့ ၂၀၀ ကျပ်ပေးရတယ်။ ဘာပဲဖြစ်ဖြစ် တစ်ဆယ့်ငါးရက်တစ်ကြိမ် ခူးရတော့ ငရုတ်တစ်ကျိုးကို အလုပ်သမားခနှုတ်ပြီး ရှစ်သောင်းကျပ်လောက် ကျန်ပါတယ်။ ပြီးတော့ ဆိုင်ကယ်ဆွဲတဲ့သူတွေ၊ စက်ဘီးနဲ့ ကုန်ဆွဲတဲ့သူတွေလည်း အဆင်ပြေကြတယ်။ လက်လုပ်လက်စားသမားတွေ စားရေးသောက်ရေး အဆင်ပြေတယ်။ တောင်သူလယ်သမားတွေမှာ အခုလို လယ်ပြီးမိုးနှောင်းကာလမှာ အလုပ်အကိုင်တွေရှိနေတော့ အဆင်ပြေပါတယ်"ဟု တာကျိုးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**(ဝ၇၁)**

## မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် မှုခင်းကျဆင်းရေး ဟောပြော

**မန္တလေး၊ စက်တင်ဘာ ၉**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက အဆိုပါရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။


အခမ်းအနားတွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာအကြောင်းအရာများကို ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး သိုက်နိုင်ထွန်းကလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးအကြောင်းအရာများကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်ချိုချိုမာကလည်းကောင်း၊ မှုခင်းကျဆင်းရေးအကြောင်းအရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုလတ်ကလည်းကောင်း အသီးသီးပညာပေးဟောပြောကြပြီးနောက် တက်ရောက်လာသူများက သိလိုသည်များကို အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သား စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြသည်။ **ကျော်ဇင်(မုံရွာ)**

# မိတ္ထီလာနှင့် ရမည်းသင်းခရိုင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့နည်းစေရေးဆောင်ရွက်

**မိတ္ထီလာ၊ စက်တင်ဘာ ၉**

မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုသက်သာစေရန် ရည်ရွယ်ချက်ဖြင့် သာစည်မြို့နယ် ပင်မဓာတ်အားခွဲရုံမှ ပို့လွှတ်သည့် ဓာတ်အားလိုင်းများ ကြိုတင်ခိုင်မှုစစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ခရိုင်နှစ်ခုမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတာဝန်ရှိသူများ ပူးပေါင်း၍ စက်တင်ဘာ ၆ ရက် ညနေပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။



မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ သာစည်ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်သည့် ၃၃ ကေဗွီ(သာစည်-ရမည်းသင်း) ဖီဒါနှင့် ၃၃ ကေဗွီ (သာစည်-ဖွဖွ/ရေအရင်းအမြစ်) ဖီဒါ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် ဓာတ်အားပို့လွှတ်ပစ္စည်းများ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ကြွေသီးများ အစားထိုးလဲလှယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ Jumper Connection များ စစ်ဆေးပြုပြင်ခြင်းတို့အား သာစည် ပင်မဓာတ်အားခွဲရုံမှူး ဦးဇာနည်တင်မိုး၊ မိတ္ထီလာခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးမွန်းအောင်ဇေ၊ ရမည်းသင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်ဝင်း၊ မိတ္ထီလာ-သာစည်-ရမည်းသင်း-ပျော်ဘွယ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်သည်။

ခရိုင်နှစ်ခုအတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းစွာ နေ့စဉ်သုံးစွဲနိုင်ရေး ရည်ရွယ်ချက်ဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**သထုံ၊ စက်တင်ဘာ ၉**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ် (၅၀) ပြည့် ရွှေရတုနှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက် နံနက် ၇ နာရီတွင် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်သန်းဦးဆောင်သော ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ကျော်တို့က သထုံခရိုင်ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသာယာစေရေးအတွက် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများရှင်းလင်းခြင်း၊ ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများကို စနစ်တကျမီးရှို့ခြင်း၊ အများသုံးအိမ်သာများအားဆေးကြောသန့်စင်ပေးခြင်း အစရှိသော အများနှင့်သက်ဆိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## မိုးစပါး GAP စိုက်ခင်းများကွင်းဆင်း စစ်ဆေး

**ချောင်းဦး၊ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်တွင် မိုးစပါး ၁၈၈၀၀ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး GAP စနစ်ဖြင့် စိုက်ပျိုးရန် ၅၆၀၀ ဧက လျာထားဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့တောကျောင်းကြီး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် သုံးပန်လှလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် မိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးထားရှိမှု အခြေအနေကို မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်အဖွဲ့မှ စက်တင်ဘာ ၇ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ ချောင်းဦးမြို့နယ် မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှနှင့် ဝန်ထမ်းများက သိပ္ပံနည်းကျစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး၊ ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်

**သန်လျင်၊ စက်တင်ဘာ ၉**

ရန်ကုန် တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) အမှုထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက ခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ် ၁၀ မြို့နယ်မှ အမှုထမ်းများတက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူးများက (Third Wave) ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် သတင်းမီဒီယာဥပဒေအကြောင်း၊ ဦးဝင်းမင်းရေးသားသော ဒီမိုကရေးစီပြုပြင်ပြောင်းလဲခြင်းနှင့် အရင်းအမြစ်များအကြောင်း၊ ဒေါက်တာဝါဝါမောင်ရေးသားသော ကောင်းမွန်သောစီမံအုပ်ချုပ်မှုဆိုင်ရာအကြောင်း၊ ဒေါက်တာအောင်ထွန်းသက် ရေးသားသော တာဝန်ခံမှုအကြောင်းနှင့် ပြန်/ဆက်ဦးစီးဌာန၏ ဦးစီးဌာနတည်မြဲမိန့်ဆိုင်ရာများကိုလည်ကောင်း၊ မြို့နယ်ဦးစီးမှူးများက ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## လယ်မြေ ၈၅၀၀ ဧက ဆည်ရေပေးဝေနိုင်မည့်ရာဇဂြိုဟ်ရေလှောင်တမံ

**ကလေး၊ စက်တင်ဘာ ၉**

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကြီး၏ ခန့်မှန်းခြေကုန်ကျမည့် ငွေမှာ ကျပ်သန်းပေါင်း ၅၄,၂၄၄ သန်းကုန်ကျမည်ဖြစ်ပြီးဆည်ရေသောက် တူးမြောင်းမကြီး အရှည်ကိုးမိုင်နှင့် လက်တံမြောင်းများ အရှည် ၈ ဒသမ ၂၅ မိုင် ဖောက်လုပ်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် မြစ်သာမြစ်ဝှမ်းဒေသရှိ တောင်သူများနှင့် ကလေးမြို့နယ်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမဖြစ်သော ကလေး-တမူးလမ်းအနီးရှိ ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ၏ မြောက်ဘက်နှစ်မိုင်ခန့်အကွာ နေရဋ္ဌရာမြစ်ပေါ်တွင် တည်ရှိပြီး ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏အဓိကရည်ရွယ်ချက်မှာ ကလေးမြို့နယ် မြစ်သာမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေ ၈၅၀၀ ဧကအား ရေပေးဝေနိုင်ရန်နှင့် ရေအား လျှပ်စစ်ဓာတ်အား လေးမဂ္ဂါဝပ် ထုတ်ယူရရှိနိုင်ရန်ဖြစ်သည်။

အဆိုပါ ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက် တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ၁၃၆၆၀ပေ၊ အမြင့် ၁၆၅ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၅၂၀၀၀ ဧက၊ ကန်ရေသေရေလှောင်ပမာဏ ၈၀၀၀ ဧကနှင့် ကန်ရေပြည့်ရေပြင်ဧရိယာမှာ ၉၈၀ ဧကဖြစ်ပြီး ပင်မတမံအလျား ၄၇၄၅ ပေ၊ ကုန်းကျောတမံသုံးခုတို့၏ အလျားမှာ ၈၉၁၅ ပေရှိသည်။

ရာဇဂြိုဟ်ရေလှောင်တမံ၏ အမြင့်ကို ၁၀ ပေတိုးမြှင့်ခဲ့ခြင်းနှင့် ရေပိုလွှဲတွင် ငါးပေ Shutter တပ်ဆင်ခြင်းဖြင့် ရေလှောင်ပမာဏ ၅၂၀၀၀ ဧကအထိ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်၍ တိုးချဲ့လယ်မြေ ဧက ၂၀၀၀ အပါအဝင် စုစုပေါင်းလယ်မြေဧရိယာ ၈၅၀၀ ဧကခန့်အထိ ရေအပြည့်အဝပေးဝေနိုင်မည်ဖြစ်သည်။

အဆိုပါရေ လှောင်တမံ၏ ဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာဒေသများ၏ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွင် အလွန်အရေးကြီးသော လယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်းများကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ဂျိုးနက်**



### အများသိစေရန်ကြေညာချက်

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁B2)၊ မြေကွက်အမှတ်(III-၁၃)၊ ၂၂လမ်း၊ အမှတ်(၉၇/၉၉)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအတွက် မြေရှင်အကျိုးခံစားခွင့်တို့ကို လွှဲပြောင်းပေးပါရန် မိသားစုကူညီစောင့်ရှောက်ရေး(ဂျင်ဟိုး) အသင်းဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ဦးတို့မှ ဤဌာနသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်ရန် အကြောင်းရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂/သမိုင်း၊ မြေကွက်အမှတ်-၂/အ-၃၊ ၂/အ-၄၇၊ မြေကွက်တည်နေရာအမှတ်(၁)၊ သာယာအေးရိပ်သာလမ်း၊ ၃/ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဒေါ်ခင်ခင်လတ်)အမည်ပေါက် BN/န-၃၉မြေပိုင်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးထွန်းထွန်းဝင်း၊ ဦးလွင်ကိုကိုတို့မှ(တရားလို)ပြုလုပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၃၉/၁၃ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ဒေါ်ခင်ခင်လတ်အား (တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိထားပါသည်။ တရားမဇာရီမှုအမှတ်-၅၅/၂၀၁၄ဖြင့် တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှ တာဝန်ပေး အပ်ခြင်းခံရသူ ဒေါ်စောယုမွန်(ဘီလစ်)[၁၂/သကတ(နိုင်)၁၄၅၃၁၇]မှ တရားရုံးအထောက်အထား တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ဘန္ဓာပင်လမ်း၊ အမှတ်(၂၁)၊ ပထမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ʹ၅ʹ×၄၇ʹ၆ʺ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအဝိန် အမည်ဖြင့် ဝယ်ယူထားသော တိုက်ခန်းဖြစ်ပြီး၊ ယခုလက်ဝယ်ထားတရားဝင်ပိုင်ဆိုင်သော ဦးအဝိန်၏မြေးဖြစ်သူ ဒေါ်ဆုမြတ်ဝါ[၁၂/ကမတ(နိုင်)၀၆၂၄၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှနွယ်(**LL.B**)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၈၇)
တိုက်အမှတ်(၉/၁၁)၊ အခန်း(၁၀၃-**E**)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၇၃၁၃၉၃၇၅

### အများသိစေရန်ကန့်ကွက်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄)၊ မြေကွက်အမှတ်(၁၁၂)၊ မြေကွက်တည်နေရာ-ဥဏ္ဏာနာ၊ (၁၁)လမ်း၊ ဒေါ်သန်းဦး[၁၂/ဥကမ(နိုင်)၁၃၁၇၂၇] နှစ်(၆၀)မြေငှားဂရန်အား အမည်ပေါက် ဒေါ်သန်းဦးက ဂရန်ပျောက်ဆုံးကြောင်း ဂရန်မိတ္တူလျှောက်ထားမှုအပေါ် ထပ်မံကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၁-၉-၂၀၁၄ ရက်စွဲဖြင့် မြို့ပြစီမံကိန်းနှင့် မြေယာဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ကန့်ကွက်ကြောင်း ဝင်စာအမှတ်-၁၅၅၇၉/၁၄ဖြင့် လျှောက်ထားချက်အား လက်ခံခွင့်ပြုထုတ်ယူခွင့်မပြုပါရန် ကန့်ကွက်ထားမြစ်ပြီး ဖြစ်ပါသည်။

| | | |
|---|---|---|
| အမွေဆိုင်များ | ၁။ ဦးညဏ်ထွန်း | ၂။ ဒေါ်ခင်သန်းမူ |
| | [၁၂/ဥကမ(နိုင်)၁၀၂၅၉၅] | [၁၂/သလန(နိုင်)၀၁၄၆၇၀] |

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညိုညိုဆင့် — **LL.B,D.B.L,D.M.L,D.I.L** — အထက်တန်းရှေ့နေ(စဉ်-၃၁၃၀၈)

ဒေါ်အေးအေးမြတ် — **LL.B,Wipo(Switzerland)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၈၀)

ဒေါ်ဇင်မာမျိုး(**LL.B**)
အထက်တန်းရှေ့နေ(စဉ်-၃၈၆၄၃)

ဆ-၂/၃၊ သမာဓိလမ်း၊ တရားရုံးအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

**ဆောင်းပါး**

# စည်းကမ်း အစွမ်းအစနှင့် ကျင့်ဝတ်

**à atmifumf(qifqyf)**

မြင်မြင်သမျှပစ္စက္ခတွင် စည်းကမ်းလျော့ရဲ ဒုနှင့်ဒေး။ ထိုသူများအားလုံးသည် တစ်ချိန်ကအိမ်တံစက်မြိတ်နှင့် ကျောင်းပရဝဏ်ကို ဖြတ်သန်းသွားခဲ့ကြသူများချည်း။ "မကောင်းမြစ်တာ ကောင်းရာညွှန်လတ် . . ." မိဘတို့၏ ဝတ္တရား။ "အတတ်လဲသင် ပဲ့ပြင်ဆုံးမ . . ." ဆရာ့ကျင့်ဝတ်များနှင့်အညီ ကျောသားရင်သားမခွဲခြားတစ်သားတည်း နွေးထွေးမှုကို ခံယူခဲ့ကြသူများချည်းဖြစ်သည်။ မိဘနှင့်ဆရာတို့၏ ဆိုဆုံးမမှု အရာမထင် အလဟဿအချည်းအနှီး ဖြစ်သွားရသည်မှာ အဘယ်ကြောင့်နည်း။ ဉာဏ်မီသလောက် တစ်ဖက်သတ် ဆန်းစစ်ကြည့်မိသည်။ တွေ့လာရသည်မှာ ချမှတ်ပေးသောစည်းကမ်းများ သင်ကြားပေးခဲ့သောနီတိများသည် သူတို့လေးတွေ၏ ဦးနှောက်အသိမှာ အရာမထင်ခဲ့။ နှလုံးသားအထိ မစွဲငြိနိုင်ခဲ့။ တစ်နည်းစည်းကမ်းများကို ကျင့်ဝတ်သိက္ခာသို့ ပြောင်းလဲမပေးနိုင်ခဲ့သော မိမိတို့ အားနည်းချက်။ "မည်သူမပြု မိမိမှု" မိမိတို့ညံ့ခဲ့ကြ၍ဟုသာ ခံယူမိပါသည်။

စည်းကမ်းများနှင့် ပက်သက်၍ မိမိတို့၏ အားနည်းချက်တစ်ခုမှာ လိုက်နာရမည့် အချက်အလက်များကို တစ်ချိန်တည်းမှာ တစ်ပြိုင်တည်း သတ်မှတ်ပေးတတ်ကြခြင်း ဖြစ်သည်။ ကျောင်းဖွင့်ပြီဆိုသည်နှင့် စည်းကမ်းဟူသမျှ အတန်းပိုင်မှတစ်ဆင့် သတိပေးခြင်း၊ ကလေးများ မြင်သာထင်သာသည့်နေရာတွင်ကပ်ထားပေးခြင်း၊ စည်းကမ်း တစ်ချက်ချင်းစီကိုလည်း ဗွီနိုင်းထုတ်ကာ ကပ်ထားပေးခြင်းနှင့် ကလေးများအတွက် စည်းကမ်းပေါင်းများစွာ နေရာအနှံ့ မြင်ချင်အဆုံး။

စည်းကမ်းနှင့်ပတ်သက်၍ စံပြအတုယူစရာ နမူနာကောင်းတစ်ခုမှာ ဗုဒ္ဓ၏ သံဃာ့အဖွဲ့အစည်း စည်းကမ်းချမှတ် ပေးမှုပုံစံဖြစ်ပါသည်။ သံဃာတော်များ လိုက်နာရမည့် ၂၂၇ သွယ်သော စည်းကမ်းချက် (သို့) သိက္ခာပုဒ်တော်များကို တစ်ချိန်တည်းမှာ တပြိုင်တည်း ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့ခြင်း မဟုတ်ပါ။ အကြောင်း ကိစ္စရပ်ပေါ်လာမှ တစ်ချက်ချင်းစီကို ကျိုးကြောင်းညီညွတ် ပညတ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

စည်းကမ်းနှင့်ပက်သက်၍ သတိပြုစရာနောက်တစ်ချက်မှာ ကလေးများအား တားဆီးပိတ်ပင်သည့်သဘောထက် လမ်းမှန်ညွှန်ပြမှု စည်းကမ်းများသာဖြစ်သင့် ပါသည်။ ဥပမာ "စည်းကမ်းမဲ့အမှိုက်မစွန့်ရ" အစား "အမှိုက်ကို အမှိုက်ပုံးထဲမှာ စွန့်ပစ်ပါ" ဆိုလျှင် အပြုသဘောဆောင်ပြီး လမ်းညွှန်ပြီးလည်းဖြစ်သွားသည်။

စည်းကမ်းနှင့်ပတ်သက်၍ မိမိတို့ သတိမမူမိသည့် အရေးအကြီးဆုံး အချက်မှာ ကလေးတွေ၏သဘောဆန္ဒမပါရှိဘဲ စည်းကမ်းများကို တစ်ဖက်သက်ချမှတ် လိုက်နာစေခြင်း ဖြစ်သည်။ စည်းကမ်းဟူသမျှသည် သူတို့လေးတွေ ဘဝတစ်သက်တာလုံးအတွက် အထောက်အကူဖြစ်စေသည်။ မှန်၏။ သို့သော်အလေးအနက်မထားတတ်ကြ။ ကိုယ်နှင့် မဆိုင်သလို ပြုမူတတ်ကြသည်။ "ဆေးလိပ်မသောက်ရ" ကျောင်းအိမ်သာမှာ ခိုးသောက်ကြသည်။ "စည်းကမ်းမဲ့ အမှိုက်မပစ်ရ" မိမိ ၏စာသင်ခုံအောက်ပစ်ချတတ်ကြသည်။ အဆိုးဆုံးက ကျောင်းအိမ်သာ။ တစ်ချိန်က လူကြီးတွေလမ်းကြောင်းတွင် တစ်ကျောင်းလုံး စည်းကမ်းပိုင်းဟူသမျှ အဆုံးအဖြတ်ပြုသွားကြသည့် အခိကနေရာ။ မမြင်ကွယ်ရာ ထိုအိမ်သာများတွင် စည်းကမ်းမဲ့ဟူသမျှ အဆိုးဆုံးတွေ့နေရသည်။ လစ်လျှင်လစ်သလို စည်းကမ်းဖောက်ဖျက်ကြမှုအပေါ် မှားသည်ဟုမမြင် အချင်းချင်းမှာ ဂုဏ်ယူနေလိုက်ကြသေးသည်။

စည်းကမ်းနှင့်ပတ်သက်၍ မိမိတို့ လုပ်ဆောင်သင့်သည့် နမူနာကောင်း တစ်ခုကို တင်ပြလိုပါသည်။ ကျောင်းဆရာဘဝ တက်ရောက်ခဲ့ဖူးသော သင်တန်းများ၊ အထူးသဖြင့် ပညာရေးဝန်ကြီးဌာန ယူနီဆက်နှင့် ပညာတန်ဆောင်တို့ ပူးတွဲဖွင့် လှစ်သောသင်တန်းများတွင် ရရှိခဲ့သောအထူးအတွေ့အကြုံတစ်ခုမှာ သင်တန်းကာလလိုက်နာရမည့် စည်းကမ်းဟူသမျှ သင်တန်းသားမိမိတို့ကိုယ်တိုင်ရွေးချယ် ချမှတ်လိုက်နာကြရခြင်းဖြစ်ပါသည်။ အကျိုးဆက်မှာ သင်တန်းပြီးဆုံးသည်အထိ စည်းကမ်းဖောက်ဖျက်သူ မရှိသလောက်ဖြစ်ပါသည်။ ဤနမူနာကောင်းကို ကျောင်းများတွင် ကျင့်သုံးမည်ဆိုပါက ထိရောက်မှုရှိလာလိမ့်မည် ယုံကြည်မိပါသည်။ တစ်ခုဘဲသတိပြုရပါမည်။ စည်းကမ်းများသည် ကလေးတွေအဆင့်အတန်းနှင့် လိုက်လျောညီစေရေးတွင် ဆရာများမှ ဖေးမပေးဖို့ လိုအပ်ပါလိမ့်မည်။

ကိုယ်ရည်ကိုယ်သွေးနှင့် ပတ်သက်လျှင် လူငယ်သဘာဝ အစွမ်းပြတတ်ချင်ကြသည်မှာ ဓမ္မတာဟု ဆိုရပါလိမ့်မည်။ စည်းကမ်းဖောက်ပြကာ မယောင်ရာဆီလူး စွမ်းအင် ဖြုန်းတီးမှုမျိုး မဖြစ်ရလေအောင် မိမိတို့က နေရာမှန် ရွေးချယ်စွမ်းရည်မြှင့်တင်ခွင့်ပေးနိုင်ကြရမည်။ စာသင်ခန်းတွင် ကလေးတို့အားလက်ရေးလှနှင့် သတ်ပုံပြိုင်စေခြင်း၊ အင်္ဂလိပ်စာ သင်ခန်းစာတစ်ခုပြီးတိုင်း မြန်မာမှ အင်္ဂလိပ်၊ အင်္ဂလိပ်မှ မြန်မာဘာသာပြန် စွမ်းရည်ပြိုင်စေခြင်း၊ ကဗျာများကို စကားပြေသို့ပြန်စေခြင်း၊ စာစီစာကုံးပြိုင်စေခြင်းများကို အပတ်စဉ်ကျင်းပပေးခြင်းဖြင့် အရွယ်နှင့်လိုက်၍ စာပေစွမ်းရည် အစွမ်းအစပြခွင့် ပေးကြရမည်။ အထက်တန်း၊ တက္ကသိုလ်ရောက်သည့်ထိ လက်ရေးညံ့သတ်ပုံမမှန် ကိုယ်ပိုင်ဟန်နှင့် စာစီစာကုံးမရေးတတ်ကြ တွေ့နေရသည်မှာ အောက်သက်မကြေခဲ့ခြင်း၏ လက္ခဏာ တစ်ရပ်ဖြစ်သည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် လက်ရေးသတ်ပုံလည်းကောင်း၊ စာပေစွမ်းရည်နှင့် ကိုယ်စွမ်းကိုယ်စလည်း မြင့်မားလာစေမည့် နည်းလမ်းကောင်းများ ဖြစ်ပါသည်။

နှစ်ပတ်လျှင်တစ်ကြိမ် အတန်းတွင်းကျပန်းစကားပြော ပြိုင်စေခြင်းဖြင့် ကလေးများအား နှုတ်မှုစွမ်းရည်မြင့်မားစေနိုင်သည်။ ကျောင်းတွင်းပြေးခုန်ပစ်၊ ဘောလုံးစသည်ဖြင့် ရာသီအလိုက်ပြိုင်ပွဲများ ပုံမှန်ကျင်းပပေးခြင်းဖြင့်လည်း ကလေးများ၏ ကိုယ်ကာယစွမ်းရည်မြင့်မားလာစေနိုင်ပါသည်။ သို့ဆိုလျှင် လွဲမှားသော အစွမ်းပြမှုတွေ "နေလာနှင်းပြေး" တဖြည်းဖြည်းလျော့နည်းပပျောက်၍လမ်းကြောင်းမှန်ပေါ်သို့ ရောက်လာပါလိမ့်မည်။

နိဂုံးချုပ်ရပါလျှင် လိုက်နာရမည့် စည်းကမ်းဟူသမျှ ကလေးများနှလုံးအိမ်မှာ ကိန်းအောင်း ကျင့်ဝတ်သိက္ခာတစ်ရပ် ဖြစ်တည်လာခဲ့ပြီ။ ကိုယ်ပိုင်အစွမ်းအစများကိုလည်း လမ်းကြောင်းမှန်ပေါ်မှာ ရှင်သန်ခွင့်ရသွားပြီဆိုပါလျှင် မိမိတို့ မျှော်ရည်မှန်းသည့် ပညာရေးဖြင့် တည်ဆောက်မည့် ခေတ်မီပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာပြီးလျှင် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ကြာအစဉ်ထာဝရ လင်းလက်နေလိမ့်မည်မှာ မြေကြီးလက်ခတ်မလွဲ အမှန်ပင်ဖြစ်ပါတော့သတည်း။

## နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် မွန်ပြည်နယ်၊ ရေးမြို့ရှိစာသင်ကျောင်းတွင်ကျင်းပ

**ရေး၊ စက်တင်ဘာ ၉**

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားကိုမွန်ပြည်နယ်၊ ရေးမြို့ အ-ထ-က(၁)ရေး ပညာရတနာခန်းမဆောင်၌ စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။ ဆက်လက်ပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ပတ်သက်သည့် အကြောင်းအရာများအား မြို့နယ်ပညာရေးမှူးဒေါ်မိုးမိုးအေးကရှင်းလင်းပြောကြားပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်အတန်းအဆင့် စာစီစာကုံးနှင့် အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲဝင်ဆုရ ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးလျက်ရှိပြီး မြို့နယ်ရှိ ကိုယ်အင်္ဂါမသန်းစွမ်းသော ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးအား တစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်စီ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ မြို့နယ်ကော်မတီ လေးရပ်မှ တာဝန်ရှိသူများ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ထွန်းထွန်း(ရေး)**

## မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်ရှိ ပြည်လုံးကျွတ် သန်းခေါင်းစာရင်းကောက်ယူမှုတွင် ပါဝင်သူများအား ဂုဏ်ပြု

**ရန်ကုန်၊ စက်တင်ဘာ ၉**

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်တွင် မတ် ၃၀ မှ ဧပြီ ၁၀ ရက်ထိ ၁၂ ရက်အတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးတွင် တက်ကြွမှန်ကန်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သူများ၏ ဂုဏ်ပြုပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၁၁ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းရှိ သျှီဝဟိန္ဒူဘုရားကျောင်းခန်းမတွင် ကျင်းပပြုလုပ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးက ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးခင်မောင်ညွန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးလှကြိုင်တို့က ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူကာ စည်းစည်းလုံးလုံး တက်တက်ကြွကြွဖြင့် လမ်းအလိုက် ရပ်မိရပ်ဖများ၊ လမ်းသာယာရေးအဖွဲ့များ၊ ရပ်ကွက်လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့၍ အောင်မြင်ပြီးစီးသွားသည်ကို အသိအမှတ်ပြု ဂုဏ်ပြုပွဲကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးမြတ်ကိုထွေးက ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးလှကြိုင်သို့ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်နှင့် မှတ်တမ်းလွှာကို ပေးအပ်ခဲ့ပြီး ဆက်လက်၍ မြို့နယ်လဝကမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ပြည်လုံးကျွတ် သန်းခေါင်းစာရင်းကောက်ယူရေးတွင် သပြေကုန်းရပ်ကွက်၌ ကူညီဆောင်ရွက်ခဲ့သူ ၁၅၀ ဦးတို့အား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့သည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## မကျီးတုံတံတား ဆောက်လုပ်ပြီးစီး၍ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေ

**ဝက်လက်၊ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတော-ဝက်လက်-သစ်ဆိမ့်ကြီး လမ်းပေါ်ရှိ တံတားအမှတ် ၁၆ မကျီးတုံတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၁၃-၁၄ ဘဏ္ဍာနှစ် အထူးပြင်ဆင်မွမ်းမံရေးရန်ပုံငွေကျပ် ၁၈ ဒသမ ၁၂၈ သန်းဖြင့် ဆောက်လုပ်လျက်ရှိရာ ယခုအခါ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ အဆိုပါတံတားမှာ အကျယ် ၂၄ ပေ၊ အရှည် ၆၀ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ကြောင်းသိရသည်။

**နန်းမြင့်**


## အာဆီယံ-ယဉ်ကျေးမှုပွဲတော် ASEAN Culture Fair(2014) တွင် ဆိုင်ခန်းများ ခင်းကျင်းရောင်းချနိုင်ရေး ဖိတ်ခေါ်ခြင်း

ချစ်ကြည်ရင်းနှီးမှုအခြေခံလျှက် ယဉ်ကျေးမှုဝန်ကြီးဌာနသည် အာဆီယံယဉ်ကျေးမှုပွဲတော် (၂၀၁၄)ကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ် အမျိုးသားကဇာတ်ရုံတွင် ၂၉-၉-၂၀၁၄ ရက်နေ့မှ ၂-၁၀-၂၀၁၄ ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာအစားအစာရောင်းချပွဲနှင့် တိုင်းရင်းသား ဝတ်စုံခင်းကျင်းပြသရောင်းချပွဲကို ကျင်းပပြုလုပ်သွားရန်ရှိ၍ စိတ်ဝင်စားသူများသည် အောက်ပါပုဂ္ဂိုလ်/လိပ်စာများသို့ ဆက်သွယ်၍ ပါဝင်ဆင်နွှဲနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ 9sqm (3m x 3m)ဆိုင်ခန်း (၂)ခန်းမှ (၃)ခန်းအထိ လျှောက်ထားတောင်းခံနိုင်ပါကြောင်း၊ ဆိုင်ခန်း အရေအတွက် ကန့်သတ်ချက်ရှိပါ၍ ဆောလျင်စွာ ဆက်သွယ်ပါဝင်ပြသရောင်းချကြရန် လိုအပ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာများ

ဆက်ဆံရေးအရာရှိ - ဦးသန့်ဇင်ဦး၊ ညွှန်ကြားရေးမှူး(စီမံ)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)ဖုန်း၊၀၉-၅၁၂၁၄၅၁၊၀၁-၅၉၀၂၅၁၊၀၁-၅၉၀၂၆၃

**Xenon Company** - ရုံးချုပ် ၊ **Room No.A,04-05,(A),** ဗိုလ်မြတ်ထွန်း **Tower(A),** ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၇၀၄၅၊ ၀၁-၂၉၇၆၀၆၊ ၀၁-၃၉၈၈၄၄၊ ၀၁-၃၉၈၇၈၇

## အထူးတရားပွဲ

သုံးလောကထွတ်ထား၊ မြတ်ဗုဒ္ဓအား အမျှုးထား၍ တရားကိုချစ်ခင်၊ တရားကိုမြတ်နိုး၊ တရားကိုယုံကြည်၊ တရားဖြင့် မွေ့လျော်မွေ့ပျော်ကြကုန်သော သာသနာ့အနွယ်ဝင် သူတော်စင်အပေါင်းတို့အား ဤ "ဇမ္ဗူသီရိဗိမာန်တော်ကြီး"တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခ ဌာနမှူးဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒမှ တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါကြောင်း ဦးမျိုးသိန်း (မွေးနေ့အလှူရှင်)- ဇနီး ဒေါ်ကေခိုင် (ခနသီဟကုမ္ပဏီလီမိတက်)တို့မှ တရားနာကြွရောက်ကြပါရန် အောက်ပါအစီအစဉ်များအတိုင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဓမ္မပူဇာအစီအစဉ်

နေ့ရက်။ ။ (၁၃၇၆ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ရက်)
၂၀၁၄ခုနှစ်၊ စက်တင်ဘာလ၊ ၁၂ ရက် (သောကြာနေ့)

အချိန်။ ။ ည ၇း၃၀နာရီ။

လမ်းညွှန်။ ။ ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်း၀ (နဝဒေးရုပ်ရှင်ရုံအရှေ့)
အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## သားကြီးမင်းဟိန်းထက်အတွက် မွေးနေ့ဆုတောင်း

ပါပါနှင့် မေမေတို့ရဲ့ ချစ်သားကြီး **မင်းဟိန်းထက်**ရဲ့ ၁၀-၉-၂၀၁၄ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ထူးချွန်လိမ္မာတတ်သိသော သားကောင်းရတနာဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

နှစ်ဖက်သော - ဘိုးဘိုး၊ ဘိုးဘိုး-ဘွားဘွားနှင့်
ချစ်ပါပါ - ဗိုလ်မှူးအောင်မိုးဇော် B.Sc, D.S.A (တပ်မတော်-လေ)
Dip in Global English, Y.U
ချစ်မေမေ - ဒေါ်မြအေးခိုင်
M.Sc (Engg-Chemistry), Dip in Gems Indentification, Y.U, Seven April (Diamonds, Gems and Jewellery)
ချစ်ညီမလေး - ဇင်လဲ့မင်း
ချစ်ကြီးကြီး - ဦးသန့်ဇင် (လက်ထောက်ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန)
ဒေါ်ဝါဝါရွှေ B.Sc (Chemistry) D.C.Sc
ကိုကို - ချစ်မင်းကို၊ ညီညီ- ချစ်မင်းခန့်
ချစ်အန်တီငယ် - ချိုသဲ B.A(Law)

နိုင်ငံခြားရေးဝင်ခွင့်

UFL / TUTOR

ဦးဟန်သာ အက်လိဗ်စာ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ဒေါ်နှောင်းဝဿန်၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၀-၈-၂၀၁၄ရက် ကြေးမုံသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဦးထင်လင်းနိုင်၏ ကြေညာစာအပေါ် ပြန်လည်ရှင်းလင်းအသိပေးခြင်း

